ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday, 16 October 2022 ၁၀၈၉၀

### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း(၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျာ-**

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား ချုပ်ဆိုတဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ချုပ်ဆိုခဲ့တာ (၇)နှစ်ပြည့်မြောက်တဲ့နေ့ ဖြစ်ပါတယ်။ ယနေ့ကျရောက်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၇)နှစ်ပြည့်နှစ်ပတ်လည်နေ့မှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး အားလုံးလိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးရဲ့ အကျိုးကို ထာဝစဉ်ရေးရှုဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံနဲ့ အဓိကအကျဆုံး ပကတိလိုအပ်ချက်ဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပဲဖြစ်ပါတယ်။ အတိတ်သမိုင်းအရ ကျွန်တော်တို့ တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးဟာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် မိန့်ခွန်းပြောကြားစဉ်။

**"ကျွန်တော်တို့အစိုးရအနေနဲ့ အခုတိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရချိန်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်နေခြင်းသာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီ နည်းလမ်းကျပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ထိန်းသိမ်း စောင့်ရှောက်နေတာ၊ တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာ ပြောလိုပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေနဲ့လည်း အစိုးရနဲ့လက်တွဲပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ကြဖို့၊ ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းကြဖို့ တိုက်တွန်းပြောကြားလို"**

ယနေ့ ဖတ်စရာ

ရိုးသားဖြူစင်ကြသည့် တိုင်းရင်းသားလူနေမှုဓလေ့စရိုက်များနှင့် အညာဓလေ့စရိုက်များ ပေါ်လွင်စေရန် အချိုးအဆစ်ညီညာပြေပြစ်စွာဖြင့် သရုပ်ဖော်ကပြယှဉ်ပြိုင် စာမျက်နှာ » ၆

ကောင်းမွန်ပြည့်ဝ အာဟာရ ဝန်းကျင်လုပ ကျန်းမာစွ ဆောင်းပါး စာမျက်နှာ » ၁၈

သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်မှု ဆောင်းပါး စာမျက်နှာ » ၂၃

ကြေးမုံ

# အကြမ်းဖက်သမားများအား ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချတိုက်ဖျက်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နောက်ဆက်တွဲထိခိုက်မှုများ၊ နိုင်ငံရေးအရဖြစ်ပေါ်လာသော အကြမ်းဖက်လုပ်ရပ်များကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ အခက်အခဲအနှောင့်အယှက်များနှင့်စိန်ခေါ်မှုများကို အောင်မြင်စွာကျော်ဖြတ်ခဲ့သည်။ မျက်မှောက်ကာလတွင် နိုင်ငံ၏စီးပွားရေးမှာလည်း တိုးတက်ကောင်းမွန်လာပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဆက်လက်ဆောင်ရွက်နေသည်။

သို့သော် တိုင်းပြည်ကိုဖျက်ဆီးနေသည့် NUG၊ CRPH အကြမ်းဖက်အဖွဲ့များသည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို မနာလိုမရှုဆိတ်ဖြစ်ပြီး ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများအား ဆက်လက်သွေးထိုးမြှောက်ပင့်ပေးကာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိအောင်၊ ပြည်သူများသေကျေပျက်စီးဒုက္ခရောက်အောင် နည်းမျိုးစုံဖြင့် ဖျက်ဆီးနေသည်ကိုတွေ့ရသည်။ PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူများကြားတွင် ပြည်သူကိုအကာအကွယ်ယူကာ တိုင်းရင်းသားပြည်သူများကို တိုက်ခိုက်သတ်ဖြတ်မှုများ ပြုလုပ်လာသည့်အတွက် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းလက်တွဲပြီး အကြမ်းဖက်ရက်စက်မှုများကို ဆန့်ကျင်တိုက်ဖျက်အမြစ်ဖြတ်ရန် လိုအပ်ပေသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ပြည်သူများမှာ အလုပ်အကိုင်စီးပွားတိုးတက်ရှာဖွေကြပြီး နေ့ကြီးရက်ကြီးများနှင့်အားလပ်ရက်များတွင် မြန်မာနိုင်ငံအနှံ့အပြား၌ ဘုရားဖူးမြော်သွားလာလည်ပတ်ကြပြီး စိတ်လက်ရွှင်လန်းအပန်းဖြေအနားယူမှုများ ပြုလုပ်နေကြသည်။ ယင်းကာလတွင် မွန်ပြည်နယ်ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ နေ့စဉ်အဆက်မပြတ် လာရောက်နေကြသည်။ ထိုသို့အေးချမ်းစွာဘုရားဖူးလာရောက်ကြသော ပြည်သူများအား အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းက KNLA တပ်မဟာ(၁)နှင့် အကြမ်းဖက်အဖွဲ့ NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ရက်ရက်စက်စက် လာရောက်တိုက်ခိုက်သောကြောင့် အပြစ်မဲ့ဘုရားဖူးပြည်သူသုံးဦး သေဆုံးခဲ့ပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်အဖွဲ့ NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် အပေါင်းပါ EAO အချို့သည် နိုင်ငံရေးအရ၊ စစ်ရေးအရမဟုတ်ဘဲ အရပ်ဘက်အပြစ်မဲ့ပြည်သူများအား မကြာခဏတိုက်ခိုက်သတ်ဖြတ်မှုများ ပြုလုပ်နေခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်၍ နိုင်ငံတကာမှ လက်မခံသင့်ဘဲ ပြည်တွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် အဖွဲ့အစည်းများက ဆန့်ကျင်ရှုတ်ချလျက်ရှိသည်။ အကြမ်းဖက်အဖျက်သမားများ၏ လုပ်ရပ်များကို တိုင်းရင်းသားပြည်သူများကိုယ်တိုင် ကြုံတွေ့ခံစားနေကြရပြီး သက်သေအထောက်အထားများဖြင့် သိရှိနေကြသော်လည်း ပြည်ဖျက်မီဒီယာများက မြန်မာနိုင်ငံသားအပြစ်မဲ့ပြည်သူများအပေါ် စာနာထောက်ထားခြင်းမရှိဘဲ အကြမ်းဖက်အဖျက်သမားများကို ကာကွယ်ပေးပြီး မဟုတ်မမှန်သတင်းများ လိမ်ညာထုတ်လွှင့်နေကြသည်ကို တွေ့ရပေသည်။ သတင်းမီဒီယာကျင့်ဝတ်သိက္ခာ အရှက်တရားကင်းမဲ့စွာဖြင့် လုပ်ကြံထုတ်လွှင့်မှုများကို လက်မခံဘဲ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာတို့က တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်သည်။

အကြမ်းဖက်အဖွဲ့ NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့ပြည်သူများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေကြသည့် အုပ်ချုပ်ရေးတာဝန်ရှိသူများကို ထိခိုက်ဒဏ်ရာရရှိစေရန် မကြာခဏကျူးလွန်လျက်ရှိသည့်အပြင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့မှုမရှိစေရေး ရည်ရွယ်ချက်ဖြင့် အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ ဖြတ်သန်းသွားလာနေသော ခရီးသည်ပို့ဆောင်ရေးယာဉ်များနှင့် ခရီးသွားပြည်သူများကို အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရမှုများရှိခဲ့သည်။

သို့ဖြစ်ရာ တည်ငြိမ်အေးချမ်းစွာဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်သွားလာလုပ်ကိုင်နေကြသော ပြည်သူများအား အကြောင်းမဲ့သက်သက် ဖျက်ဆီးနှောင့်ယှက်သတ်ဖြတ်နေကြသော အကြမ်းဖက်အဖွဲ့ NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများအား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြပြီး အကြမ်းဖက်အဖျက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## မတူပီမြို့၌ ဒုတိယအကြိမ် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေး



**မတူပီ အောက်တိုဘာ ၁၅**

ချင်းပြည်နယ် မတူပီမြို့ရှိ ဒေသခံပြည်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရ၏ စီစဉ်ကြီးကြပ်မှုအောက်(မတူပီတပ်နယ်)တို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒုတိယအကြိမ် ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်ဥ၊ ဝက်သား၊ အမဲသားနှင့် ဟင်းသီးဟင်းရွက်စသည့် အခြေခံစားသောက်ကုန်များကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက မတူပီမြို့ ရှစ်လမ်းဆုံ၌ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရောင်းချရာတွင် ရောင်းချသည့် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်နီ/ဖြူ၊ အာလူး၊ ကုလားပဲ၊ ကြက်ဥ၊ အမဲသား၊ ဝက်သား၊ ချဉ်ပေါင်ရွက်၊ ရွှေဖရုံရွက်၊ ဂေါ်ရခါးညွန့်၊ ကော်ဖီထုပ်နှင့် ငရုတ်သီးစိမ်း စသည့်အခြေခံစားသောက်ကုန်များအပြင် (မတူပီမြို့တပ်နယ်)မှ တပ်ပိုင်စားသောက်ကုန်ပစ္စည်းများနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသော အသား၊ ကြက်ဥ၊ နွားနို့နှင့် ဟင်းသီးဟင်းရွက်များကို ဒေသပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျောင်းကုန်းမြို့၌ ၂၀၂၂ ခုနှစ် ဆောင်းသီးနှံ စတင်ထုတ်ချေးပေး

**ကျောင်းကုန်း အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ၂၀၂၂ ခုနှစ် ဆောင်းသီးနှံထုတ်ချေးမှုကို ယနေ့နံနက် ၈ နာရီခွဲက စတင်ထုတ်ချေးပေးခဲ့သည်။



ကျောင်းကုန်းမြို့နယ် ဆိပ်ဖူးနီအုပ်စု ဆိပ်ဖူးနီကြီးကျေးရွာရှိ တောင်သူ ၂၄ ဦး၏ စပါးစိုက်ဧက ၁၁၅ ဧကအား တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် လည်းကောင်း၊ ပဲမျိုးစုံစိုက်ဧက ၅၉ ဧကအား တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ ဖြင့် စုစုပေါင်း စိုက်ဧက ၁၇၄ ဧကအတွက် ငွေကျပ် ၂၃၁ ဒသမ ၅၀ သိန်းကို တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြသည်။

အဆိုပါ ဆောင်းသီးနှံ ထုတ်ချေးပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးဝေလင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ဌေးတို့ တက်ရောက်ခဲ့ကြပြီး ဆိပ်ဖူးနီကြီးကျေးရွာမှတောင်သူများအား ဆောင်းသီးနှံ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

တိုင်းတစ်ပါး လက်အောက်မှာ နှစ်ကာလ တစ်ရာကျော်ကြာ ဖြတ်သန်းနေထိုင်ခဲ့ရပါတယ်။ ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်တို့က ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ သွေးစည်းညီညွတ်မှု၊ စည်းလုံးခြင်းအင်အားတို့ကို စနစ်တကျ အစီအစဉ်ချကာ သွေးခွဲအုပ်ချုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေ တစ်ဦးကိုတစ်ဦး ရန်သူသဖွယ် ထင်မြင်လာအောင် ဆောင်ရွက်ခဲ့ပါတယ်။ မလွဲသာ၍ လွတ်လပ်ရေးပေးရတော့မယ့် အချိန်အထိ ခွဲခြားအုပ်ချုပ်မှုတွေ၊ သပ်လျှိုသွေးခွဲမှုတွေနဲ့ အချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲအောင် လုပ်ဆောင်ခဲ့ကြပါတယ်။

မည်သို့ပင် သွေးခွဲစေကာမူ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့မျိုးချစ်စိတ်ကို အရင်းတည်ပြီး ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကို တည်ဆောက်ပြီး လွတ်လပ်ရေးကို ပြန်လည်ရယူခဲ့ကြပါတယ်။ သို့သော်လည်း နယ်ချဲ့တို့ရဲ့ သွေးခွဲသပ်လျှိုမှုအကျိုးဆက်က ယနေ့တိုင်ထင်ကျန်နေဆဲဖြစ်သလို လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက်မှာလည်း မြန်မာနိုင်ငံကို လွှမ်းမိုးနိုင်ရေး နည်းမျိုးစုံနဲ့ ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်း မတည်ငြိမ်တဲ့နယ်မြေတွေ ရှိနေရခြင်းဟာလည်း နယ်ချဲ့တို့ရဲ့ သွေးထိုးလှုံ့ဆော်မှုအရှိန်နဲ့ နောက်ပိုင်းမှာလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့မှုတွေကြောင့် ဖြစ်ပါတယ်။ ဒီအရှိန်၊ ဒီအမွေဆိုးတွေကို ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေ ဖြေရှင်းနေတာ နှစ်ပေါင်း ၇၀ ကျော်ကြာပြီ ဖြစ်ပါတယ်။

☆ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေတိုင်းမှာ NCA နဲ့ပတ်သက်ပြီး အမြဲထည့်သွင်းပြောဆိုခဲ့ပါတယ်။ ဒီလိုထည့်သွင်းပြောကြားရခြင်းဟာ NCA စာချုပ်သည် ကျွန်တော်တို့ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အဓိကအကျဆုံး အခြေခံ လုပ်ဆောင်ရမယ့်အချက်ဖြစ်လို့ပဲ ဖြစ်ပါတယ်။ NCA စာချုပ်ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲတာမဟုတ်ဘဲ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ကနဦးအဆိုပြုချက်တွေအပေါ်မှာ အခြေခံပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံး ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားတဲ့ စာချုပ်ဖြစ်

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေတိုင်းမှာ NCA နဲ့ပတ်သက်ပြီး အမြဲထည့်သွင်းပြောဆိုခဲ့ပါတယ်။ ဒီလိုထည့်သွင်းပြောကြားရခြင်းဟာ NCA စာချုပ်သည် ကျွန်တော်တို့ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ အဓိကအကျဆုံး အခြေခံ

☆ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ လက်တွေ့ကျတဲ့၊ ဖြစ်နိုင်တဲ့ လုပ်ဆောင်ချက်တွေကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ယခုနှစ် နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရ ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း ၂၁ ကြိမ်ထုတ်ပြန်ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့ပါတယ်။ ယနေ့ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွေ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး နိုင်ငံတော်နဲ့ တပ်မတော် အကြီးအကဲဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေ

လုပ်ဆောင်ရမယ့်အချက်ဖြစ်လို့ပဲ ဖြစ်ပါတယ်။ NCA စာချုပ်ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲတာမဟုတ်ဘဲ ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုတွေဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ကနဦးအဆိုပြုချက်တွေအပေါ်မှာ အခြေခံပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံး ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတကာရှိ နိုင်ငံအချို့နဲ့ အဖွဲ့အစည်း အသီးသီးတို့က အသိအမှတ်ပြု ပါဝင်လက်မှတ်ရေးထိုးထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ဒီလိုခိုင်မာအတည်ပြုပြီးသား လမ်းကြောင်းပေါ်ကို လျှောက်လှမ်းနိုင်မှသာ ကျွန်တော်တို့အားလုံး မျှော်မှန်းထားတဲ့ အေးချမ်းသာယာတဲ့ နိုင်ငံတော်ကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှု ကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲ ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေ ရှိနေသရွေ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေဟာ ထင်သလောက် ခရီးပေါက်မှာ မဟုတ်ကြောင်းနဲ့ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုတ်ချနေမှုတွေအပေါ်မှာ နားယောင်ဖို့ မလိုကြောင်း ကျွန်တော်တို့ညီအစ်ကိုတွေ သတိပြုမိဖို့ လိုအပ်မှာဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ လက်တွေ့ကျတဲ့၊ ဖြစ်နိုင်တဲ့ လုပ်ဆောင်ချက်တွေကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ယခုနှစ် နှစ်ကုန်ပိုင်း အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း ၂၁ ကြိမ်ထုတ်ပြန်ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့ပါတယ်။ ယနေ့ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး နိုင်ငံတော်နဲ့ တပ်မတော်အကြီးအကဲဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်။ အခုဆိုရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နဲ့ ၂ ကြိမ်တွေ့ဆုံခဲ့ပြီး ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးကြရာမှာ ပြည်သူလူထုရဲ့လိုလားချက်ဖြစ်ပြီး ကျွန်တော်တို့အစိုးရရဲ့ မူဝါဒနှစ်ရပ်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ် တည်ဆောက်ရေးကို အားလုံးက လက်ခံသဘောတူကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေနဲ့ သူတို့ရဲ့လိုအင်ဆန္ဒတွေ၊ ဖြစ်ချင်တာတွေ၊ မျှော်မှန်းချက်တွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေဖို့ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေ၊ ဆက်လက်ဆောင်ရွက်သွားရမယ့် ကိစ္စရပ်တွေကို ပြန်လည်ဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံမှုတိုင်းမှာ ပြည်သူလူထုနဲ့ နိုင်ငံတော်အတွက် ကောင်းမွန်တဲ့ရလဒ်တွေရရှိခဲ့တယ်လို့ အသိပေးပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ ရပ်တည်သွားရမယ့် အခြေခံအချက် ၂ ခု ရှိပါမယ်။ ဒါတွေကတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)အပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်သွားပါမယ်။ နောက်တစ်ခုကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်သွားပါမယ်။ NCA အပေါ်မှာ ဘာကြောင့်ရပ်တည်သင့်တယ်ဆိုတာကို ကျွန်တော် ပြောခဲ့ပြီး ဖြစ်ပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဟာလည်း တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ သဘောဆန္ဒအရ ရေးဆွဲထားတာ မဟုတ်ပါဘူး။ နိုင်ငံရေးပါတီများအစုအဖွဲ့၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးများ အစုအဖွဲ့၊ တောင်သူလယ်သမားအစုအဖွဲ့၊ အလုပ်သမားအစုအဖွဲ့၊ အသိပညာရှင်/ အတတ်ပညာရှင်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းများအစုအဖွဲ့၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့စတဲ့ အစုအဖွဲ့ ၈ ဖွဲ့က ကိုယ်စားလှယ်တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ အခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလကနေ ၁၉၉၆ ခုနှစ်အထိ ၂ နှစ်ကျော်ကြာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ ခုနက ပြောခဲ့တဲ့ အစုအဖွဲ့ ၈ ဖွဲ့က ကိုယ်စားလှယ် ၇၀၂ ဦးက ဆွေးနွေးရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်၊ မေလကနေ ၂၀၀၇ ခုနှစ်၊ ဧပြီလအထိ ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်အရေအတွက်ကို ၁၀၈၆ ဦးအထိ တိုးချဲ့ပြီးဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားညီလာခံကို တက်ရောက်ရမယ့် ကိုယ်စားလှယ်များကို ရွေးချယ်ခဲ့ရာမှာလည်း နိုင်ငံရေးပါတီများအစုအဖွဲ့နဲ့ ရွေးချယ်ခံကိုယ်စားလှယ်များ အစုအဖွဲ့မှအပ ကျန်အစုအဖွဲ့များရဲ့ ကိုယ်စားလှယ်တွေကို ကိုယ်စားလှယ်ရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ၎င်းအဖွဲ့များက မဲဆန္ဒပြုရွေးချယ်ခြင်း၊ အရည်အချင်းသတ်မှတ်ချက်များ သတ်မှတ်ခြင်းစတဲ့ ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အသက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရဖြစ်တဲ့ အခြေခံမူ ၁၀၄ ချက်ကို ချမှတ်ရာမှာလည်း အမျိုးသားညီလာခံမှာ အစုအဖွဲ့အသီးသီးက တင်သွင်းခဲ့တဲ့ စာတမ်း ၂၂ စောင်၊ စာမျက်နှာ ၉၀၀ ကျော်အပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့်၊ အချေအတင် ဆွေးနွေးပြီး သဘောတူညီချက်များ ရယူချမှတ်ခဲ့တာကို တွေ့ရပါတယ်။ အဲ့ဒီအထဲမှာ အခြားဖိတ်ကြားသူများ အစုအဖွဲ့ထဲမှာပါဝင်တဲ့ အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ခေါင်းဆောင်တွေ၊ NLD အပါအဝင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပါတီတွေက ခေါင်းဆောင်များနဲ့ ကိုယ်စားလှယ်များပါ ပါဝင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းရှိပြီးဖြစ်တယ်။ အခြေခံဥပဒေမူကြမ်းကို အတည်ပြုရာမှာလည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွေကို ၂၀၀၈ ခုနှစ်၊ မေလအတွင်းမှာ ကျင်းပခဲ့ပြီး နိုင်ငံတစ်ဝန်းလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူ ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ပြီး ဆန္ဒမဲပေးသူတွေအနက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံမဲပေးပြီး ဒီမိုကရေစီနည်းလမ်းကျ အတည်ပြုခဲ့တာဖြစ်ပါတယ်။ အမျိုးသားညီလာခံကို တက်ရောက်ခဲ့သူတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို မဲပေးခဲ့သူများဟာ ခုထိရှိနေပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ အစိုးရအနေနဲ့ အခုတိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရချိန်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်နေခြင်းသာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းကျ ပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေတာ၊ တစ်နည်းအားဖြင့်ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲ ဖြစ်တယ်လို့ ခိုင်ခိုင်မာမာပြောလိုပါတယ်။ ဒ့ါကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့လည်း အစိုးရနဲ့ လက်တွဲပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ကြဖို့၊ ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော့်အနေနဲ့ နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက်ဖြစ်တဲ့ အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

စာမျက်နှာ ၄ သို့ »»

»»» **စာမျက်နှာ ၃ မှ**

**☆ ဖက်ဒရယ်ဆိုတာဟာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကို ထောက်ခံတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေ**

ဒီအထဲမှာ တိုင်းရင်းသားညီအစ်ကိုတွေအတွက် အလေးပေးထားတာတွေ များစွာပါရှိပါတယ်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် အမှတ်စဉ်(၄)မှာလည်း "တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း အလေးအနက်ထားလုပ်ဆောင် သွားမည်" ဆိုတဲ့အချက်ကို အတိအလင်းထည့်သွင်းထားပါတယ်။နိုင်ငံရေးဦးတည်ချက်မှာလည်း ထည့်သွင်းထားပါတယ်။ ဒီလုပ်ဆောင်ချက်တွေကတစ်ဆင့် အမျိုးသားရေးလုပ်ငန်းစဉ်တွေ၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို ပုံဖော်နိုင်မှာဖြစ်ပါတယ်။ ဒီလိုပုံဖော်နိုင်ဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှိကိုရှိရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီဆိုပြီး ကော်မတီ (၃) ရပ်ဖွဲ့စည်းပြီး ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ညှိနှိုင်းရေးကော်မတီအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ (၈၈) ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးရာမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးရဲ့ နိုင်ငံရေးရည်မှန်းချက်တွေ၊ သဘောထားတွေ၊ ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာတွေကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ-**

ကျွန်တော်တို့ရဲ့ နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်မှာပါဝင်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်ကို တည်ဆောက်ရာမှာ နိုင်ငံရဲ့ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့တာကို သတိရဖို့လိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ပြည်ထောင်စုနိုင်ငံ ထူထောင်ကြဖို့နဲ့ပတ်သက်ပြီး ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘောတည်ထောင်မလား၊ လူမျိုးကြီးတစ်မျိုးတည်းပဲဆိုတဲ့ တိုင်းပြည်မျိုး (Unitary State)တည်ထောင်မလားဆိုတော့ ပြည်ထောင်စု (Union) သဘောမျိုးပဲ ဖြစ်ရမယ်။ ဒါမှ လူမျိုးအားလုံး တိုင်းသူပြည်သားအများဆုံးတိုးတက်မှုကို လုပ်နိုင်မှာပဲလို့ ပြောကြားခဲ့တာရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပြည်ထောင်စု(Union)ဆိုတဲ့ စကားကို သတိပြုမိဖို့လိုအပ်မှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုးကြီး ၈ မျိုး၊ လူမျိုးစု ၁၃၀ ကျော်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးတိုင်းဟာ တူညီတဲ့ အခွင့်အရေးများရဖို့လိုပါတယ်။ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း တိုင်းရင်းသားများအရေးနဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခွင့်အရေးတွေ၊ ရသင့်ရထိုက်တဲ့ ရပိုင်ခွင့်တွေရရှိအောင် ဆက်လက်ဆောင်ရွက်သွားပါမယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ-**

ဖက်ဒရယ်ဆိုတာဟာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရား ဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်း ဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကိုထောက်ခံတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ် (PR) ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာလည်း ကျွန်တော့်အနေနဲ့ EAO ခေါင်းဆောင်များကို ဆွေးနွေးရှင်းပြပြီးဖြစ်ပါတယ်။ အခု တိုင်းရင်းသားများရဲ့ဆန္ဒနဲ့ လိုလားချက်တွေကို ဒီမိုကရေစီနည်းလမ်းကျ ဆောင်ရွက်ပေးနိုင်ဖို့က နိုင်ငံရေးစင်မြင့်ဖြစ်တဲ့ လွှတ်တော်ထဲကို တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိလာဖို့ လိုအပ်ပါတယ်။ ဒါမှလည်း လူမျိုးစုအလိုက်လိုလားချက်တွေ၊ ရည်မှန်းချက်တွေကို ပွင့်လင်းမြင်သာစွာဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းအကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားများရဲ့ တောင်းဆိုချက်၊ လိုလားချက်တွေထဲက ဖြစ်နိုင်တာ၊ ဖြစ်သင့်တာတွေကို အကောင်အထည်ဖော်နိုင်ဖို့ အချို့သောဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ပြင်သင့်တာပြင်ရပါလိမ့်မယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဆိုပြီးရှိတယ်။ တိုင်းရင်းသားတွေကို ကိုယ်စားပြုမှုအများဆုံးဖြစ်တဲ့ အမျိုးသားလွှတ်တော်က အဆိုပြုလိုက်တဲ့ အဆိုပြုချက်တွေ၊ ဥပဒေမူကြမ်းတွေဟာ ပြည်သူ့လွှတ်တော်နဲ့ သဘောထားကွဲလွဲမှုရှိလို့ ပြည်ထောင်စုလွှတ်တော်မှာ မဲခွဲဆုံးဖြတ်ရင် လူများစုဖြစ်တဲ့ ပြည်သူ့လွှတ်တော်ဘက်ကပဲ လွှမ်းမိုးသွားတာများပါတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်ကိုတည်ဆောက်မယ်ဆိုရင် ဒီလိုကိစ္စမျိုးမှာ တိုင်းရင်းသားတွေအရေးကို ထည့်သွင်းစဉ်းစားရပါလိမ့်မယ်။

ဒါ့ကြောင့် ဥပဒေပြုရေးမဏ္ဍိုင်အတွင်းမှာကိုပဲ ထိန်းညှိမျှတမှု (Check and Balance)ရှိစေရေးနဲ့ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကို အလေးထားသောအားဖြင့် သီးခြားဥပဒေပြုခွင့်တွေကို လွှတ်တော်အလိုက်ပေးထားပြီး လုပ်ဆောင်နိုင်ရင် ပိုမိုကောင်းမွန်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ဘာဥပဒေတွေကို ပြဋ္ဌာန်းနိုင်တယ်။ အမျိုးသားလွှတ်တော်ကတော့ မည်သည့်ဥပဒေတွေကို ပြဋ္ဌာန်းနိုင်တယ်။ ပြည်ထောင်စုလွှတ်တော်ကတော့ ဘာဥပဒေတွေကို ပြဋ္ဌာန်းနိုင်တယ် စသဖြင့် ပြဋ္ဌာန်းပေးရပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေကို ဆောင်ရွက်နိုင်ဖို့ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရပါလိမ့်မယ်။ ဒါမှသာ တိုင်းရင်းသားအားလုံး ဒီမိုကရေစီရဲ့ အနှစ်သာရ၊ ပြည်ထောင်စုစနစ်ရဲ့ ကောင်းမွန်အဓိပ္ပာယ်ပြည့်ဝမှုတွေကို ခံစားနိုင်မှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ-**

ကျွန်တော်တို့အားလုံး ဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့် ကာလမှာ ကျွန်တော့်အနေနဲ့-

- ဖြတ်သန်းလာခဲ့ရတဲ့ ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုးအနှစ်သာရ ပိုမိုပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ။
- ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်အောင်မြင်နိုင်ဖို့ NCA စာချုပ်ပါ ကတိကဝတ်တွေကိုလေးလေးစားစားလိုက်နာကြပါ။
- အမျိုးသားနိုင်ငံရေး အတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရားပြည့်ဝသော နိုင်ငံကြီးသားစိတ်ထားရှိသူတွေ ဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။
- NCA မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် အဖွဲ့အစည်းတွေ ပါဝင်လာစေဖို့အတွက် နှီးဆော်တိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေကို တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားကြပါစို့လို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

# CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၅**

နေပြည်တော်အတွင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရေးရည်ရွယ်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်လျက်ရှိသော Chindwin Banner Co., Ltd. ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့သည်။

ထိုသို့သွားရောက်စဉ် Chindwin Banner Co., Ltd. ၏ တာဝန်ရှိသူက CMP စနစ်ဖြင့် Jacket၊ Apron ၊ Uniform များ ချုပ်လုပ်လျက်ရှိသည့်အခြေအနေ၊ Made in Myanmar ဖြင့် ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသည့်အခြေအနေ၊ ပြည်တွင်းဝန်ထမ်း ဦးရေ ၈၀၀ ကျော်ကို အလုပ်အကိုင်ဖန်တီးပေးလျက်ရှိသည့်အခြေအနေနှင့် ရှေ့ဆက်လက်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရန်၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရန်၊ လုပ်သားများ၏ ကျွမ်းကျင်မှုဆိုင်ရာမြှင့်တင်နိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်ရန်တို့ကို မှာကြား၍ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်ပေးမည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြားစဉ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကော်မတီဝင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည်အထိ ကိုယ်တိုင်ပါဝင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီတို့မှ အထူးဧည့်သည်တော်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးပို့သည့် Video Message ကို ဖွင့်လှစ်ပြသသည်။ **(Video Message ကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NCA (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားသည်။ ။

ယင်းနောက် NCA လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့် နှစ်ပတ်လည်နေ့ ကျင်းပဆောင်ရွက်ခဲ့မှုများကို အခမ်းအနားမှူးက အကျဉ်းချုံးရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည်အထိ ကိုယ်တိုင်ပါဝင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၊ NCA လက်မှတ်ရေးထိုးစဉ်က အသိသက်သေအဖြစ် ပါဝင်ခဲ့ကြသူများဖြစ်ကြသည့် UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား) ဦးအောင်မင်း၊ UPWC ဒုတိယဥက္ကဋ္ဌနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်၊ ပြည်ထောင်စုရှေ့နေချုပ်(အငြိမ်းစား) ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား) နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က NCA အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည်အထိ ကိုယ်တိုင်ပါဝင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များ၊ NCA လက်မှတ်ရေးထိုးပွဲ၌ ပါဝင်ခဲ့ကြသူများဖြစ်ကြသည့် ခိုင်စိုးနိုင်အောင်(ALP)၊ ဖြားတန် ခွန်ဥက္ကာ (PNLO)နှင့် ပဒိုရွှေမောင်း(KNU)၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များဖြစ်ကြသည့် ALP ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ DKBA မှ စောကျော်သန်းဌေး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ LDU ဥက္ကဋ္ဌ ကျာဆော်လမွန်၊ NMSP ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ PNLO ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်နှင့် RCSS ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့က NCA အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ယခင် MPC အကြီးတန်းအကြံပေး ဦးလှမောင်ရွှေ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပြည့်စုံ၊ ဦးမောင်မောင်ငြိမ်းနှင့် စိုင်းမျိုးသန့်တို့က NCA အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည်အထိ ကိုယ်တိုင်ပါဝင် ကြိုးပမ်းဆောင်ရွက်မှုအတွက် ဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များအား NCA (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# ရိုးသားဖြူစင်ကြသည့် တိုင်းရင်းသားလူနေမှုဓလေ့စရိုက်များနှင့် အညာဓလေ့စရိုက်များ ပေါ်လွင်စေရန် အချိုးအဆစ် ညီညာပြေပြစ်စွာဖြင့် သရုပ်ဖော်ကပြယှဉ်ပြိုင်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပသည့် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲ ပြိုင်ပွဲဝင်အဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပသည့် တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်အဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

**သရုပ်ဖော် ကပြယှဉ်ပြိုင်**

အဆိုပါ ပြိုင်ပွဲတွင် အလွတ်တန်းအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အကအဖွဲ့များက အဖွဲ့လိုက် တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာဝတ်စုံများဝတ်ဆင်၍မိမိတို့၏ယဉ်ကျေးမှုထုံးတမ်းဓလေ့များ၊ အကအလှုများ၊ ရိုးသားဖြူစင်ကြသည့် တိုင်းရင်းသားလူနေမှုဓလေ့စရိုက်များနှင့် အညာဓလေ့စရိုက်များ ပေါ်လွင်စေရန် အချိုးအဆစ် ညီညာပြေပြစ်စွာဖြင့် သရုပ်ဖော် ကပြယှဉ်ပြိုင်ကြသည်။


**ကြည့်ရှုအားပေး**

ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ရှိ Signing Room ၌ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲများ၊ News Briefing Room ၌ ဒုံမင်းအတီးပြိုင်ပွဲများကိုလည်း ဆက်လက် ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသ ပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမကို စိတ်ဝင်စားကြသည့် ဝါသနာရှင်များကလည်း တစ်ခဲနက် လာရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြန်မာ-ရုရှားနှစ်နိုင်ငံ လျှပ်စစ်စွမ်းအင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပလျက်ရှိသည့် ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန် ရုရှားနိုင်ငံ၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးတို့သည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရုရှားနိုင်ငံ Novatek ကုမ္ပဏီမှ Chairman of the Management Board, Mr. Leonid Mikhelson ဦးဆောင်သောအဖွဲ့အား မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးကိစ္စများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ် ဆွေးနွေးခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr. Nikolay G.Shulginov ဦးဆောင်သောအဖွဲ့နှင့် စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရာ နှစ်နိုင်ငံ အကြီးအကဲများ၏ ခရီးစဉ်များမှ ဆွေးနွေးခဲ့သော ကိစ္စများကို နောက်ဆက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်ကိစ္စ၊ မြန်မာနိုင်ငံသို့ စက်သုံးဆီ တင်သွင်းရေးကိစ္စများ၊ ရေနံချက်စက်ရုံတည်ဆောက်ရေးကိစ္စနှင့် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ RusHydro ကုမ္ပဏီမှ Deputy Director General, Mr. Machekhin ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာတွင် RusHydro ကုမ္ပဏီက Deputy Director General, Mr. Machekhin က ရုရှားနိုင်ငံနှင့် အခြားနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိစ္စ၊ ရေအားလျှပ်စစ်နှင့် ပတ်သက်သော အင်ဂျင်နီယာလုပ်ငန်းများ၊ Geological နှင့် ပတ်သက်သော လုပ်ငန်းများအားလုံးကိုလည်း လုပ်ဆောင်ပေးနိုင်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်များ ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များစွာရှိကြောင်း၊ ရေအားလျှပ်စစ်နှင့်ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လိုကြောင်း ညှိနှိုင်းဆွေးနွေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့် စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ LLC SIGMA ကုမ္ပဏီမှ Deputy Director General For Foreign Economic Relation, Mr. Rodionov Nikita ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံတွင် စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့် စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Prometey ကုမ္ပဏီမှ President, Mr. Alexander ILIN ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ စွမ်းအင်ဆိုင်ရာကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းများကို ဖိတ်ခေါ်ညှိနှိုင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့် စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန လက်အောက်ရှိ Joint Stock Company "Foreign Economic Corporation "PRODINTORG" ၏ အမှုဆောင်အရာရှိချုပ် Mr. Mikhail Potapov နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာတင်သွင်းရေး လုပ်ငန်းစဉ်များပါ အချက်အလက်များကို ညှိနှိုင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ ယင်းနေ့ ညနေပိုင်းတွင် ရုရှားနိုင်ငံ၏ အဓိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော Inter RAO – Export ၏ General Director, Mr. Alexey Yakovlev အဖွဲ့အား တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးကိစ္စရပ်အနေဖြင့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ် ဖွံ့ဖြိုးတိုးတက်အကောင်အထည်ဖော်ရေးအစီအစဉ်အတွက် PTG Energy ကုမ္ပဏီနှင့် လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရေးအတွက် Notice to Proceed(NTP)အား လက်မှတ်ရေးထိုးခဲ့ကြကာ စီမံကိန်း အမြန်အကောင်အထည်ဖော်နိုင်ရေး အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၅**

အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန်(၃)ရှိ ရွှေရည်စံပယ် အထည်ချုပ်စက်ရုံ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက အလုပ်ရှင်အလုပ်သမားများအနေဖြင့် အလုပ်သမားဥပဒေများကို ကောင်းစွာသိရှိနားလည်ပါက အငြင်းပွားမှု များ လျော့နည်းလာမည်ဖြစ်ကြောင်း၊ အလုပ်ရှင်အနေဖြင့်လည်း ဥပဒေပါခံစားခွင့်များ အပြည့်အဝ ပေးရန် လိုအပ်ကြောင်း၊ အလုပ်သမား အငြင်းပွားမှုများ ဖြစ်ပွားလာပါက အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှသာ အေးချမ်းသာယာသည့် လုပ်ငန်းခွင်ဖြစ်ပြီး ကုန်ထုတ်စွမ်းအားလည်း တိုးတက်လာမည်ဖြစ်ကာ အလုပ်သမားများ၏ လူမှုဘဝလည်း တိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနတို့မှ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးများက အလုပ်သမားဥပဒေပါ အကြောင်းအရာများကို ကဏ္ဍအလိုက် အပြီးအစီးဆွေးနွေး ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသည့် အလုပ်သမားများက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာနဆောက်လုပ်မှု ကြည့်ရှုစစ်ဆေးပြီး ကျောင်းကုန်းမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းမှုနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပုသိမ်စက်မှုမြို့တော်စီမံကိန်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း(MSME)များ ကြည့်ရှုအားပေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ပုသိမ်စက်မှုမြို့တော်စီမံကိန်းရှိ Vent Dest Pathein Co.,Ltd. အထည်ချုပ်စက်ရုံတွင် လှည့်လည်ကြည့်ရှုစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများအား ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းအုပ်စုရှိ ၂၀၂၂-၂၀၂၃ ခုနှစ် မျိုးစေ့ထုတ်တောင်သူများ၏ ဆင်းသုခစပါး စီးပွားဖြစ် မျိုးသန့်စေ့ထုတ် ဧက ၅၀ စံပြစိုက်ခင်း၏ စံကွက်ရိတ်သိမ်းပွဲ၌ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်က ရှင်းလင်းတင်ပြစဉ်။ ဓာတ်ပုံ - ဝင်းကြိုင်(ပြန်/ဆက်)

ပုသိမ် အောက်တိုဘာ ၁၅

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းကုန်းမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းမှုနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပုသိမ်စက်မှုမြို့တော်စီမံကိန်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း(MSME)များအား သွားရောက်ကြည့်ရှုအားပေးကြသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တို့သည် ရန်ကုန်-ပုသိမ် ကားလမ်းမကြီး မိုင်တိုင်အမှတ် (၅၀)မိုင် (၃)ဖာလုံနှင့် (၅၀)မိုင် (၄)ဖာလုံအကြားတွင် အောက်တိုဘာလဆန်းမှ စတင်ဆောက်လုပ်လျက်ရှိသော ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန(Community Centre) လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မြို့မကုမ္ပဏီလီမိတက်မှ စီမံကိန်းတာဝန်ခံ ဦးသန်းဇော်ညွန့်က တည်ဆောက်ရေးလုပ်ငန်းအခြေအနေအား ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခရိုင်နှင့်မြို့နယ် ပြန်/ဆက်ရုံးများကို နိုင်ငံတော်ဘဏ္ဍာငွေ ခွင့်ပြုမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု တို့ဖြင့် လူထုအခြေပြုဗဟိုဌာနများ အဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိရာ ယခုအခါ ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာနကို အရွယ်အစား ပေ(၁၀၀ x ၆၀) RC နှစ်ထပ် အဆောက်အအုံအဖြစ် နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ် ၅၈၂ ဒသမ ၆ သန်း အသုံးပြု၍ ၂၀၂၃ ခုနှစ် မတ်လအပြီး ဆောက်လုပ်နေခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တို့သည် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းအုပ်စုရှိ ၂၀၂၂-၂၀၂၃ ခုနှစ် မျိုးစေ့ထုတ်တောင်သူများ၏ ဆင်းသုခစပါး စီးပွားဖြစ် မျိုးသန့်စေ့ထုတ် ဧက ၅၀ စံပြစိုက်ခင်း၏ စံကွက်ရိတ်သိမ်းပွဲသို့ ရောက်ရှိကြရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်က မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအလိုက် စပါးမျိုးစေ့ထုတ်လုပ်နိုင်မှုနှင့် သစ်စိမ်းမြေဩဇာ ထည့်သွင်းနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းမှုအား ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်လာကြသည့် တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး မိရိုးဖလာ စမ်းသပ်စိုက်ပျိုးမှုမှ ပြောင်းလဲလာသော ခေတ်နှင့်အညီ စနစ်တကျ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အထွက်နှုန်းကောင်းသည့် မျိုးသန့်စပါးများ အသုံးပြုပြီး သဘာဝဓာတ်မြေဩဇာ သွင်းအားစုများ စနစ်တကျအသုံးပြုရေးတို့ကို ရှင်းလင်းပြောကြားပြီး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရန်နှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စုပေါင်း ၆၅ စုမှ တောင်သူ ၂၆၀၃၉ ဦးတို့က မိုးစပါး ၁၁၈၀၁၆ ဧက စိုက်ပျိုးထားရှိမှုအနက် ကျေးရွာအုပ်စုပေါင်း ၂၄ ခုမှ တောင်သူ ၉၅ ဦးတို့က ဆင်းသုခမျိုးသန့် စပါး ၉၅၇ ဒသမ ၅ ဧက စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့်အတူ ကျေးရွာအုပ်စု ၁၁ စုမှ တောင်သူ ၁၇၆ ဦးတို့က သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ဧက ၁၀၀၀ ထည့်သွင်းစိုက်ပျိုးလျက်ရှိကြောင်းနှင့် ယင်းစံကွက်ရိတ်သိမ်းမှုမှာ တစ်ဧကလျှင် စပါး(အခြောက်) ပျမ်းမျှအထွက်နှုန်း ၁၁၅ တင်းဖြစ်ကြောင်း သိရသည်။

### ရှင်းလင်းတင်ပြ

မွန်းလွဲပိုင်းတွင် ပုသိမ်စက်မှုမြို့တော်စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်း ဒုတိယဥက္ကဋ္ဌ ဦးစိုးသူရက စီမံကိန်း လျာထားမှုနှင့် တိုးတက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ကူညီပံ့ပိုးပေးစေလိုသည့်အချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း (MSME)များသည် မိမိဒေသတစ်ခုအတွက်သာ ကွက်၍ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ကုန်ထုတ်လုပ်မှုကို အခြေခံ၍ နိုင်ငံ့စီးပွားရေးအထိ အမြင်ကျယ်ကျယ်ဖြင့် ရည်မှန်းဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းညွှန်ထားပါကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို နေရောင်ခြည်သုံးနှင့် လေအားတို့ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းကဲ့သို့ နည်းလမ်းများဖြင့် စက်ရုံတစ်ခုချင်းအလိုက်ဖြစ်စေ၊ စက်မှုဇုန်အလိုက်ဖြစ်စေ စနစ်တကျ တပ်ဆင်ထုတ်လုပ်ခြင်းအားဖြင့် မိမိတို့လိုအပ်ချက်ကို ဖြည့်တင်းနိုင်မည့်အပြင် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းသို့လည်း ပို့လွှတ်၍ ရောင်းချနိုင်သည့် နည်းလမ်းရှိပါကြောင်း၊ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းတင်ပြမှုတို့ဖြင့် ဖြေရှင်းကျော်လွှားပြီး အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံ့အတွက် ဆန်စပါး အဓိကထုတ်လုပ်ပေးနေခြင်းဖြစ်ရာ ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ပုသိမ်စက်မှုမြို့တော် စီမံကိန်းနေရာမှ ပြည်ပသို့ တိုက်ရိုက် ဆန်တင်ပို့နိုင်မည်ဖြစ်သဖြင့် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်၍ များများတင်ပို့နိုင်ရေး ဝိုင်းဝန်းနည်းလမ်းရှာ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြသ

ဆက်လက်၍ Vent Dest Pathein Co.,Ltd. အထည်ချုပ်စက်ရုံသို့ သွားရောက်ကြရာ တာဝန်ရှိသူများက အထည်ချုပ်လုပ်ငန်း ဆောင်ရွက်မှုလုပ်ငန်းစဉ်အား လိုက်လံရှင်းလင်းပြသကြသည်။ အဆိုပါစက်ရုံတွင် ပတ်ဝန်းကျင်ဒေသမှ လုပ်သားအင်အား ၈၀၀ ခန့်ဖြင့် ဥရောပနိုင်ငံများမှ ကုန်ကြမ်းများတင်သွင်း၍ စံချိန်စံညွှန်းမီသော အထည်များကို စနစ်တကျထုပ်ပိုးပြီး ဥရောပနိုင်ငံများသို့ ပြန်လည်တင်ပို့လျက်ရှိကြောင်း၊ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုနှင့် တင်ပို့မှုများမှာ ပိတ်ဆို့မှုများကြောင့် ရပ်တန့်လျက်ရှိကြောင်း၊ သတင်းတု၊ သတင်းမှားများ ဖြန့်ဝေပျံ့နှံ့လျက်ရှိသော်လည်း ယင်းစက်ရုံမှာ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုလျော့ပါးသွားချိန်မှစ၍ လုပ်ငန်းများ အရှိန်အဟုန်မပျက် လည်ပတ်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဧရာဟသ်ာဆန်စက်သို့ သွားရောက်ကြရာ တာဝန်ရှိသူများက လုပ်သားအင်အား ၅၀ ခန့်ဖြင့် 500 KVA Transformer အသုံးပြုကာ ပေါင်းဆန်များ ကြိတ်ခွဲထုတ်လုပ်လျက်ရှိကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ် ရာသီတွင် ဥရောပနှင့် အာဖရိကနိုင်ငံများ၊ တရုတ်နိုင်ငံနှင့် ပြည်တွင်းဈေးကွက်သို့ ဆန်တန်ချိန် ၇၅၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုရာသီတွင်လည်း ဥရောပနှင့် အာဖရိကနိုင်ငံများ၊ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများသို့ ဆန်တန်ချိန် တစ်သိန်းခွဲမှ နှစ်သိန်းအထိလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၂၀၀၀၀ နှင့် ပြည်တွင်းဈေးကွက်သို့ တန်ချိန် ၂၅၀၀၀ ဖြန့်ဖြူးရောင်းချသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြပြီး လုပ်ငန်းစဉ်အဆင့်အဆင့်အား လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်ဆန်တင်ပို့မည့် ယာယီဆိပ်ကမ်း ပြင်ဆင်ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသသည်။

စာမျက်နှာ ၈ သို့ »»

# ကျန်းမာရေးအန္တရာယ်ထိခိုက်နိုင်သည့်တာဝန်ဆောင်ရွက်နေရသည့် ဆေးဘက်ကျွမ်းကျင် ဓာတ်ခွဲ၊ ဓာတ်မှန်၊ ဓာတ်ရောင်ခြည်၊ ရူပဗေဒ၊ အဏုမြူရောင်ခြည် စသည်တို့အတွက် ချီးမြှင့်ငွေထောက်ပံ့နိုင်ရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက လပွတ္တာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ မော်လမြိုင်ကျွန်းမြို့ ဆေးရုံအုပ်၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်နေကြောင်း၊ လိုအပ်သည့်ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ညတာဝန်ကျဝန်ထမ်းများအား စားစရိတ် ထောက်ပံ့ခြင်း၊ ဘွဲ့လွန်ဒီပလိုမာ ဘွဲ့များအတွက် ဘွဲ့လွန်ကြေးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ထားရှိပြီး ကျန်းမာရေးအန္တရာယ်ထိခိုက်နိုင်သည့် တာဝန်ဆောင်ရွက်နေရသည့် ကျန်းမာရေးဝန်ထမ်းများဖြစ်သည့် ဆေးဘက်ကျွမ်းကျင်ဓာတ်ခွဲ၊ ဓာတ်မှန်၊ ဓာတ်ရောင်ခြည်၊ ရူပဗေဒ၊ အဏုမြူရောင်ခြည် စသည်တို့အတွက် ချီးမြှင့်ငွေထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းပြောကြားပြီး အထူးကြပ်မတ်ကုသခန်း၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ အရိုးကုသဆောင်၊ ခွဲစိတ်လူနာဆောင်နှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး အသစ်တည်ဆောက်လျက်ရှိသည့် ကိုးထပ်တိုးချဲ့ဆောင်၌ အဆောက်အဦအထူးအဖွဲ့(၁၅)က တာဝန်ရှိသူများ၊ ပြည်သူ့ဆေးရုံကြီး(ပုသိမ်မြို့)မှ ဆေးရုံအုပ်ကြီး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခု ကိုးထပ်တိုးချဲ့ဆောင်သစ်ကို ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီစွာ အချိန်မီဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆေးကုသရေးလုပ်ငန်းများတိုးတက်စေရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို စွမ်းအားပြည့်အသုံးပြုနိုင်ရေး ထိထိရောက်ရောက်စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် အဆောက်အဦအထူးအဖွဲ့(၁၅)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းစိုးက တိုးချဲ့ဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဇင်နှင့်တာဝန်ရှိသူများက ဆေးရုံကြီးအချိန်မီဖွင့်လှစ်နိုင်ရေး ကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆေးရုံကြီးအတွင်းရှိ လူနာခန်းများ၊ ခွဲစိတ်ခန်းများ၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ကွန်ပျူတာဓာတ်မှန်ခန်းများ ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**

# သံတွဲခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အတူ ယမန်နေ့နံနက်ပိုင်းက သံတွဲခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့နယ် ငပလီမြို့ ဂေါ့ရပ်ကွက်၌ Golden Myanmar Property Development ကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းမည့် အခမဲ့အသက်မွေးပညာ သင်တန်းကျောင်း ပန္နက်ရိုက်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် ဥပဒေချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်ရိုက်ပေးကြပြီး ကုမ္ပဏီမှတာဝန်ရှိသူက အသက်မွေးပညာသင်တန်းကျောင်းနှင့် ခရီးသွားလုပ်ငန်းအထောက်အကူပြုအိမ်ရာစီမံကိန်းနှင့် ပတ်သက်သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့နယ် အလယ်ရွာကျေးရွာ၌ တောင်သူ ၁၅ ဦး၏ ဆင်းသွယ်လတ်မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ၂၅ ဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မျိုးကောင်း၊ မျိုးသန့်များ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသတွင်း ဖြန့်ဖြူးရောင်းချနိုင်သည်အထိ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားကာ တောင်သူများ၏တင်ပြချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့နယ် ရှင်စောပြင်ကျေးရွာရှိ ဖြိုးမင်းဝင်း ဆန်စက်၌ ဒေသထွက်စပါးများ ကြိတ်ခွဲနေမှုကိုလည်းကောင်း၊ ရွှေလှေကျေးရွာအုပ်စု ပေါက်တောကျေးရွာ၌ ဥစားကြက်ကောင်ရေ ၁၀၀၀၀ မွေးမြူထားသည့် လုပ်ငန်းရှင် ဦးခင်ရွှေ၏ ကြက်မွေးမြူရေးခြံကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားသည်။



ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်ခရိုင် တောင်ကုတ်မြို့နယ်တွင် လမ်းအထူးအဖွဲ့(၁၈)က ဆောင်ရွက်လျက်ရှိသည့် တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း( တောင်ကုတ်-မအီအပိုင်း)ကိုင်းရှည်တံတားမှ တောင်ကုတ် တက္ကသိုလ်အထိ ကွန်ကရစ်လမ်းနှင့် ကတ္တရာ ကွန်ကရစ် (AC)လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် တောင်ကုတ်မြို့တွင်းလမ်း(တပ်ရှောင်လမ်း)အား ယခင်ကတ္တရာလမ်းမှ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့ ဆရာတော်ဦးဥတ္တမရုပ်တု အနီး သန့်ရှင်းသာယာလှပရေးနှင့် ဦးဥတ္တမကလေးကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပမည့် ကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လက်တွေ့လေ့ကျင့်ခြင်းအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်မည်



**နေပြည်တော် အောက်တိုဘာ ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ကလေးကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ လက်တွေ့လေ့ကျင့်ခြင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ကလေးကျန်းမာရေး) ဒေါက်တာသိင်္ဂီအောင် ဦးဆောင်သည့် ကလေးအထူးကုဆရာဝန်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် ခြောက်ဦးတို့သည် အောက်တိုဘာ ၁၅ ရက် ည ၈ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးစဉ် အမှတ်(PG-704)ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

### တက်ရောက်ကြမည်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ ကလေးအထူးကုဆရာဝန်များ တက်ရောက်ကြမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ကလေးကျန်းမာရေးဆိုင်ရာ ဆေးပညာနှင့် ကူးစက်ရောဂါများဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည် စသည့် ဆေးပညာရပ်ဆိုင်ရာ အသိပညာမြှင့်တင်ခြင်းနှင့် တက်ရောက်လာသူပညာရှင်များအကြား အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့် ဆေးပညာနယ်ပယ်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်လည်း ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံအကြား ကျန်းမာရေးပညာရှင်များ အပြန်အလှန်စေလွှတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ပဥ္စမနေ့ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၅

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ပဥ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။**

ယနေ့တွင် **အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက “ဗမာ့သွေး”သီချင်း ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက “ခေတ်ဆန်းချိန်” သီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက “မဟာ”သီချင်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သူဌေးဝါဒ” သီချင်းဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “သုံးရောင်ခြယ်”သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ တွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက “ထာဝရအဓိဋ္ဌာန်” သီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲ ဝင်များက “ဖွဲ”သီချင်းဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ် နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက “ပုဂံမြေ”သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ အလွတ်တန်းအဆင့်ပြိုင်ပွဲ တွင် ဧရာဝတီတိုင်းဒေသကြီးမှ မမြဖူးပွင့် အကအဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မပြုံးပြုံးရီအကအဖွဲ့၊ မန္တလေးတိုင်းဒေသ ကြီးမှ ရွှေမန်းမြေကျေးလက်ယိမ်းအဖွဲ့၊ ရခိုင်ပြည်နယ်မှ ရခိုင်ရိုးရာမယိမ်တက် ယိမ်းအဖွဲ့၊ ကချင်ပြည်နယ်မှ လာချိဒ်ရိုးရာ အကအဖွဲ့၊ ရှမ်းပြည်နယ်မှ ပအိုဝ်း တိုင်းရင်းသားရိုးရာ အကအဖွဲ့၊ ကယား ပြည်နယ်မှ ကယားတိုင်းရင်းသားရိုးရာ အကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကအဖွဲ့၊ မွန်ပြည်နယ်မှ မွန်ရိုးရာ (၁၂) မျိုးယိမ်းအဖွဲ့၊ ကရင်ပြည်နယ်မှ ကရင်ရိုးရာဒုံးယိမ်းအဖွဲ့၊ ချင်းပြည်နယ်မှ ဆာလန်းရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်း ဒေသကြီးမှ မိုးဇာပြောအကအဖွဲ့၊ ပဲခူး တိုင်းဒေသကြီးမှ ကရင်တိုင်းရင်းသား ရိုးရာအကအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး မှ ဒေါ်နန်းစမ်းပွင့်အေး အကအဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာ ဓလေ့စရိုက်များ ပေါ်လွင်စေမည့် အက အလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ် ညီညာပြေပြစ် ရသမြောက်စွာ ကပြ ယှဉ်ပြိုင်ကြသည်။



“ငါးပါဒအက္ခရာ” ဇာတ်တော်ကြီး ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ “ငါးပါဒအက္ခရာ”ဇာတ်တော်ကြီး ရုပ်စုံ သဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ဧရာဝတီတိုင်း ဒေသကြီး ကိုယ်စားပြုရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ် များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။




တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မိုးဇာပြောအကအဖွဲ့ ယှဉ်ပြိုင်စဉ်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေး ဇာတ်ရုံ၌ ကျင်းပရာ “ရာမာယဏ” ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသ ကြီး ကိုယ်စားပြုဇာတ်တော်ကြီးအဖွဲ့က မူရင်း ရာမာယဏဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ် သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာ ရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ကျင်းပရာ အဆင့်မြင့် ပညာအဆင့်ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် စစ်ကိုင်း တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အားမာန်သစ်တည် ရှေ့သို့ချီ” ခေါင်းစဉ် ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**အိုးစည်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေး ဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်အဖွဲ့များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် အဖွဲ့များကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲ တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်း ပြည်နယ်တို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း၊ အဆင့်မြင့်ပညာ အဆင့် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် အဖွဲ့များကလည်းကောင်း မြိုင်မြိုင် ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

စာမျက်နှာ ၁၁ သို့ ◯




အရေးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

> **ဇာတ်တော်ကြီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ “ရာမာယဏ” ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့က မူရင်းရာမာယဏဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှ များနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြ**




ဒုံမင်းပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင် စဉ်။




ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင် စဉ်။

○ စာမျက်နှာ ၁၀ မှ

ဒုံမင်းပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထွန်းလင်းလျှံလက်"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဒီပါမြေ"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဒီပါမြေ"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဟေမဝန်ချာ"(ဘွဲ့) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှန်ညောင်သဥ္ဇာ"(ဘွဲ့) ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သီလာမြေယံ" (ကြိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သီလာမြေယံ" (ကြိုး) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှန်ညောင်သဥ္ဇာ"(ဘွဲ့) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းခါဟေမာန်"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်က "ကျေးစေတမန်"(ကာလပေါ်) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "နှင်းယွန်းခါဟေမာန်" (ယိုးဒယား) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောနှင့်တောင်စွယ်" (ယိုးဒယား) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သုဝဏ္ဏာသျှံ" (ကာလပေါ်) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "နန်းသီဟိုဠ်" (ယိုးဒယား) ဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပလွေပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ချစ်သမျှကို" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်းမြူး"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆဒ္ဒန်အိုင်သာ" (သီချင်းခံ) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ထွေတလာ" (ကြိုး) ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ"(ကြိုး) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "လာချေပြီ" (ကြိုး) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကျွန်းကျွန်းပိုင်သ" (ကြိုး)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မန်းတောင်လက်ရာ" (ယိုးဒယား)ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်က "နှင်းယွန်းဂိမ္ဘာန်" (မွန်) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အောင်မြေသာစံ"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ခန်းကျွန်းတွင်း" (ကြိုး) ဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟောသဓာဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့် ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည် ပြသဟောပြော ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲများ ကျင်းပရာ နေရာအသီးသီးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ခေတ်တွင် IT နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အနောက်တိုင်းယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာသည့်အတွက် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်မသွားစေရေး သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရန် လိုအပ်သည်။

တိုင်းရင်းသားပြည်သူများ၏ ဇာတိသွေး၊ ဇာတိမာန်မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာ ထွန်းကားပြန့်ပွားရေးအတွက် စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုစွမ်းအားတို့ဖြင့် စေ့ဆော်စည်းရုံး မြှင့်တင်ပေးကြရမည်ဖြစ်ပြီး ပြည်သူများ၏ စိတ်ဓာတ်ရေးရာ အခြေခံတွင် မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်ထက်မြက်ပြီး ရင့်သန်ခိုင်မာနေစေအောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများမှတစ်ဆင့် ပညာပေးစေ့ဆော်စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ လာချိဒ်ရိုးရာအကအဖွဲ့ ယှဉ်ပြိုင်စဉ်။



ပလွေပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

**"ကွက်စိပ်ပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟောသဓာဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့် ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသဟောပြောယှဉ်ပြိုင်"**



အိုးစည်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

# ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်အား ရေရှည်တည်တံ့ခိုင်မြဲသောဇုန်အဖြစ် ဖော်ဆောင်သွားမည်




**ရန်ကုန် အောက်တိုဘာ ၁၅**

ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ညောင်နှစ်ပင်ဇုန်ကြီးအား ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေး၊ မွေးမြူရေးဖြစ်ထွန်းနေသောဇုန်အဖြစ် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပသည့် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

**မြေလွတ်မထား**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က မြေဧရိယာအလွတ်မထားဘဲစိုက်ပျိုးကြရေး၊ ခြံစည်းရိုးတစ်လျှောက် ခြုံနွယ်များရှင်းလင်းရေးတာဝန်ရှိသူများက တွန်းအားပေးဆောင်ရွက်ရန်၊ ဇုန်အတွင်းရှိလမ်းများအားလုံးကို ရာသီမရွေး သွားလာနိုင်ရေး၊ လမ်းဘေးဝဲ/ယာတစ်လျှောက် ခြုံနွယ်များရှင်းလင်းပြီး လမ်းပေါ်ကျနေသော အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်းရေး ပြောကြားခဲ့သည်။

ဆက်လက်၍ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် ဇုန်(၁)၊ (၂)၊ (၃) တို့မှ အနီးကပ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ဇုန်ကြီးကြပ်မှုကော်မတီအတွင်းရေးမှူးတို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူအားလုံး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်ပြောကြားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# လွိုင်ကော်မြို့ အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများပေးအပ်



**လွိုင်ကော် အောက်တိုဘာ ၁၅**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက် အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် မြို့နာမ်စေတီတော် ပရိဝုဏ်အတွင်း ပြုပြင်မွမ်းမံဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**လုံခြုံရေးအထူးဂရုပြု**

ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်မြို့ အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တာဝန်ထမ်းဆောင်ရာတွင် စနစ်တကျရှိရေး၊ လုံခြုံရေးနှင့်ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်ရေး၊ သန့်ရှင်းသာယာလှပရေးကိစ္စရပ်များနှင့် ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ အမြဲမပြတ်ဆောင်ရွက်ထားရှိရန်၊ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပြစ်မှုကျခံနေသူများအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သတ်မှတ်ရက်များတွင် အကြိမ်ပြည့်ထိုးနှံရန်မှာကြားခဲ့ပြီး ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ရာ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နာမ်စေတီတော် ပရဝုဏ်အတွင်း ရာသီဥတုနှင့် သဘာဝဘေးများကြောင့် ပြုပြင်မွမ်းမံရန် လိုအပ်နေသောနေရာများ၊ အကာအရံအုတ်တံတိုင်းများ၊ ဘုရားဖူးလာပြည်သူများ အသုံးပြုသည့် ကြွေပြားခင်း လျှောက်လမ်းနေရာများ ပြုပြင်မွမ်းမံနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ရေရှည်ကို မျှော်မှန်းပြီး ပြုပြင်မွမ်းမံဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကချင်ပြည်နယ်တွင် သီတင်းကျွတ်အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်လှစ်

**မြစ်ကြီးနား အောက်တိုဘာ ၁၅**

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ပြည်နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် ပြည်နယ် ပိုက်ကျော်ခြင်းဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် သီတင်းကျွတ်အထိမ်းအမှတ် အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**မျိုးဆက်သစ်များမွေးထုတ်**

ပြည်နယ်ဝန်ကြီးချုပ်က ယခုလို ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲကို စဉ်ဆက်မပြတ်ပြုလုပ်ကျင်းပခြင်းအားဖြင့် ပိုက်ကျော်ခြင်း အားကစားနည်းတွင် မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် ပိုက်ကျော်ခြင်းအသင်း ၁၃ သင်းမှ ကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြပြီး အဖွင့်ပွဲစဉ်အဖြစ် ကြက်ပေါင်ခြံအသင်းနှင့် အေးမြသာယာ အလူမီနီယံအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ သီတင်းကျွတ်အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြစ်ကြီးနားမြို့ရှိ အသင်းပေါင်း ၁၃ သင်းဖြင့် အောက်တိုဘာ ၁၅ ရက်က အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ ဗိုလ်လုပွဲစဉ်ကို အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**






# မွန်ပြည်နယ် အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၁၅**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၆ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မွန်ပြည်နယ် အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေး အလံပေးအပ်ခြင်း အခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ယမန်နေ့ ညနေပိုင်းက ကျင်းပသည်။

**ပြည်နယ်ဂုဏ်မြှင့်တင်**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်တွင် လူငယ်၊ လူရွယ်များ ကျန်းမာသန်စွမ်းပြီး ကိုယ်ကာယကြံ့ခိုင်စေရန်၊ အားကစားလှုပ်ရှားမှုများတွင် ပါဝင်ကြရန် အားကစားနည်းအလိုက် ပြိုင်ပွဲများပြုလုပ်ပေးလျက်ရှိကြောင်း၊ အားကစားသမားများအနေဖြင့် ခွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ကြိုးစားကြရန် လိုအပ်သလို ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှုတို့ကို ပေါင်းစပ်၍ စိတ်ဓာတ်ကောင်းမွန်ခြင်းကိုအခြေခံပြီး တရားမျှတစွာ ဝင်ရောက်ယှဉ်ပြိုင်ကြရန်လိုကြောင်း၊ ပြိုင်ပွဲတိုင်းတွင် အနိုင်ရရှိကာ ပြည်နယ်ဂုဏ်ကိုမြှင့်တင်ပေးနိုင်ရုံမျှမက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင်လည်း စွမ်းစွမ်းတမံကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# တူရကီယဲနိုင်ငံရှိ ကျောက်မီးသွေးတွင်းတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား၊ ၄၀ ကျော်သေဆုံး



**အန်ကာရာ အောက်တိုဘာ ၁၅**

တူရကီယဲနိုင်ငံရှိ ကျောက်မီးသွေးတွင်းတစ်ခု၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ၄၀ ကျော်သေဆုံးကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ပေါက်ကွဲမှုသည် Amasra မြို့မြောက်ပိုင်းရှိ Amasra Hard ကျောက်မီးသွေးလုပ်ငန်း၏ ကျောက်မီးသွေးတွင်းတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းပေါက်ကွဲမှုကြောင့် ကျောက်မီးသွေးတွင်းလုပ်သား ၄၀ ကျော်သေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ကျောက်မီးသွေးတွင်းအတွင်းဘက်၌ အလုပ်သမား ၁၁၀ ခန့်ရှိပြီး အများအပြား ပိတ်မိလျက်ရှိသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မကြာမီအချိန်တွင် ကယ်ဆယ်ရေးသမားများက ကျောက်မီးသွေးတွင်း အတွင်းပိတ်မိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

သမ္မတ အာဒိုဂန်က အဆိုပါကျောက်မီးသွေးတွင်းသို့ သွားရောက်မည်ဖြစ်ပြီး ပေါက်ကွဲမှု၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးရန် တာဝန်ရှိသူများအား ညွှန်ကြားထားသည်။

ကနဦးတွေ့ရှိချက်များအရ ပေါက်ကွဲမှုသည် မီးလောင်မှုကြောင့် စတင်ခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း စွမ်းအင်နှင့်သဘာဝအရင်းအမြစ် ဝန်ကြီး Fatih Donmez က ဆိုသည်။

၂၀၁၄ ခုနှစ်တွင် ဆိုမာ မြို့အနောက်ပိုင်းရှိ ကျောက်မီးသွေးတွင်း၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ၃၀၀ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံ၌ ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့ တိုက်မိမှုကြောင့် အနည်းဆုံး ၄၄ ဦး သေဆုံး

**ကိုလံဘို အောက်တိုဘာ ၁၅**

သီရိလင်္ကာနိုင်ငံ၌ အောက်တိုဘာ ၁၅ ရက်တွင် ကုန်တင်ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ်တစ်စီးတို့ တိုက်မိခဲ့ခြင်းကြောင့် အနည်းဆုံး ၄၄ ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

အဆိုပါ ယာဉ်တိုက်မှုသည် ယာဉ်လမ်းကြောရှုပ်ထွေးလျက်ရှိသည့် သီရိလင်္ကာနိုင်ငံ၏ မြောက်ပိုင်းပြည်နယ်တစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သီရိလင်္ကာရဲတပ်ဖွဲ့၏ပြောကြားချက်အရ ခရီးသည်တင်ယာဉ်က ရုတ်တရက်လှည့်လိုက်စဉ်တွင် ကုန်တင်ယာဉ်က ခရီးသည်တင်ယာဉ်ကို ဝင်ရောက်တိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင်ယာဉ်ပေါ်တွင် ခရီးသည် ၅၀ ကို တင်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ဒဏ်ရာရရှိခဲ့သော ခရီးသည်များနှင့် ယာဉ်မောင်းတို့အား ဆေးဝါးကုသမှုခံယူရန် ဂျက်ဖ်နာ၊ ပယ်လ်လိုင်နှင့် ကီလီနိုချီချီ ဆေးရုံများသို့ ပို့ဆောင်ထားကြောင်း သိရသည်။ ကုန်တင်ယာဉ်မောင်းကိုမူ ဖမ်းဆီးထားပြီးဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၈ ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၁၅**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၈ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၄၇၇ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၂၃၆၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၈၀၆၂၂ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၆၄၀၄ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၉၂ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၀၉၁၃ ဦးရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၃ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၃၈၄ ဦး ထပ်မံတွေ့ရှိ

**မော်စကို အောက်တိုဘာ ၁၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၃၈၄ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၂၈၂၂၀၀ ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၉၈ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၈၈၈၀၇ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၆၁၃၀ ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၅၈၅၄၀၄ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၁၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ရောဂါကူးစက်ခံရသူပေါင်း ၃၂၈၅၃၃ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ ဘာသာပြန်-အလင်းသစ်**

# ကင်ညာနိုင်ငံ၌ မိုးခေါင်မှုဖြစ်ပွားခဲ့ပြီးနောက် အသက်ငါးနှစ်အောက် ကလေးငယ် ကိုးသိန်းကျော် အာဟာရချို့တဲ့မှုရင်ဆိုင်နေရ



**နိုင်ရိုဘီ အောက်တိုဘာ ၁၅**

ကင်ညာနိုင်ငံ၌ မိုးခေါင်မှုဖြစ်ပွားခဲ့ပြီးနောက် ကိုယ်ဝန်ဆောင်မိခင်များအပါအဝင် အသက်ငါးနှစ်အောက် ကလေးငယ် ၉၄၂၀၀၀ သည် အာဟာရချို့တဲ့မှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း ကင်ညာနိုင်ငံ အမျိုးသား မိုးခေါင်မှုဆိုင်ရာစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ကင်ညာနိုင်ငံ၌ မိုးခေါင်မှုကြောင့် ဇွန်လအတွင်းက လူသားချင်း စာနာထောက်ထားမှုအကူအညီလိုအပ်သူ ၄ ဒသမ ၁ သန်းရှိခဲ့ရာမှ လက်ရှိအချိန်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်သူ ၄ ဒသမ ၃၅ သန်းအထိ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ကင်ညာနိုင်ငံ အမျိုးသားမိုးခေါင်မှုဆိုင်ရာစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ကင်ညာနိုင်ငံ၌ မိုးနည်းသောဒေသများစုတွင် စားကျက်မြေနှင့် ရေအရင်းအမြစ်များ လျော့နည်းလာခြင်းကြောင့် ကုလားအုတ်၊ ကျွဲ၊ ဆိတ်၊ သိုးစသည့် တိရစ္ဆာန်မျိုးစိတ်များအားလုံးတွင် သေဆုံးမှုတိုးလာကြောင်း ကင်ညာနိုင်ငံ အမျိုးသား မိုးခေါင်မှုဆိုင်ရာစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ကင်ညာနိုင်ငံ၌ တိရစ္ဆာန်သေဆုံးမှုအများဆုံးဒေသများမှာ ဆမ်ဘူရူ၊ မန်ဒီရာ၊ အီစီအိုလို၊ လာမူ၊ မာဆာဘစ်နှင့် ဂါရစ်ဆာဒေသတို့ဖြစ်ကြောင်းနှင့် ကင်ညာ၊ ဆိုမာလီယာနှင့် အီသီယိုးပီးယားတို့ အပါအဝင် အာဖရိကဦးချိုဒေသမှ လူသန်းပေါင်းများစွာသည် မိုးခေါင်ရေရှားမှုကြောင့် ငတ်မွတ်မှု၊ သေဆုံးမှုတို့ဖြင့် ရင်ဆိုင်ရလျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ အတွင်းရေးမှူး ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်သာယာစက်မှုဇုန်(၃)ရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသုံးဆီ ၃၃ ဒသမ ၁၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၃၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

အလားတူ အောက်တိုဘာ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Clear Float Glass များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၅၂၉၂၄)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီ(OSS)ကုန်သွယ်ရေးဇုန်၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော GALVA NIZED STEEL PIPE များ ကီလိုဂရမ် ၄၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရွှေဘိုမြို့နယ် အတွင်း၌ လိုင်စင်မဲ့ ANBO အမျိုးအစား လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မုံရွာမြို့ ကျွဲရဲပူးပေါင်း



မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

စစ်ဆေးရေးဂိတ်၌ အကောက်ခွန်မဲ့ BENSON တံဆိပ် စီးကရက် သေတ္တာ ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော နစ်ဆန်းမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၂၅၀၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင် များအတွင်း တရားမဝင် သစ်မျိုးစုံ ၃၉ ဒသမ ၉၉၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၃၆၀၅၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၁၀၈၉၇၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ဘီလီယံ ၃၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀၀ ကီလိုနှင့် ကက်တမင်း တစ်ကီလို သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ဘီလီယံ ၃၀ ကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၅၀၀ ကီလိုနှင့် ကက်တမင်း တစ်ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ



သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိုးကုတ်-ပြင်ဦးလွင်သွားကားလမ်း ဆင်စားကုန်းကျေးရွာအနီးတွင် မိုးကုတ်ဘက်မှ ပြင်ဦးလွင်ဘက်သို့ ငွေအောင်မောင်းနှင်ပြီး မင်းမင်း လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဘိလပ်မြေအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ဘီလီယံ ၃၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀၀ ကီလိုနှင့် ကက်တမင်း တစ်ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်နှင့် ကက်တမင်းတို့ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ်နောက်ဆုတ်ချိန်တွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၂၉၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ်နောက်ဆုတ်ချိန်တွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မော်တော်ယာဉ်ကိုနောက်ဆုတ်လိုလျှင် မော်တော်ယာဉ်၏ဘေးနှစ်ဖက်နှင့် နောက်သို့ကြည့်ပြီး အန္တရာယ်ကင်းမှ အချက်ပြ၍ ဖြည်းညင်းစွာ နောက်ဆုတ်ရမည်။ အခြားမော်တော်ယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်း မဖြစ်စေရ။

(ခ) လမ်းသွယ်မှ လမ်းမပေါ်သို့ မော်တော်ယာဉ်နောက်ဆုတ် မထွက်ရ။

(ဂ) တစ်လမ်းမောင်းလမ်းပေါ်တွင် နောက်ဆုတ်မမောင်းရ။

(ဃ) ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ နောက်ဆုတ်မထွက်ရ။

(င) လမ်းအသုံးပြုသော အခြားသူများအား အနှောင့်အယှက်ဖြစ်စေမည့် ကြာရှည်စွာနောက်ဆုတ်ခြင်းမပြုရ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၁၀-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ "တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ပရိတ်တရားတော်" (မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ "(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ" (ပဥ္စမနေ့)
၀၈:၅၀ စားနပ်ရိက္ခာဖူလုံရေးအလေးထား ဆောင်ရွက်ပေး
၀၉:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၀၉:၄၅ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ "တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2" တေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-ဃ) (ပွဲစဉ်-၇)
၁၂:၄၅ အသိပညာနှင့်အမှန်တရား
၁၃:၀၀ MRTV National News
၁၃:၂၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် "မှုံရွှေရည်" (ဒါရိုက်တာ-ဝင်းဦး)
၁၆:၁၅ "ခေတ်သစ်ရှမ်း၊တိုင်းလုံ၊မောရှမ်း၊ဇုံရှမ်း၊ တိုင်းနေတို့၏ဝတ်စားဆင်ယင်မှု"
၁၆:၄၅ "Sports Diary"
၁၇:၂၅ Economic Review
၁၇:၄၀ "ကမ္ဘာ့စားနပ်ရိက္ခာနေ့ ၂၀၂၂ခုနှစ်"
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာ သိရိဂေဟာ
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့ ဒိုးလေး' (အပိုင်း-၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ (ဆဋ္ဌမနေ့)
၂၁:၁၅ ဘဝနှင့်အနုပညာ 'အကယ်ဒမီခင်သီတာထွန်း' (အပိုင်း-၁)
၂၁:၃၀ ဆေးရောင်စုံရုပ်ရှင် "ကြင်နာဖော်" (ရန်အောင်၊မင်းဦး၊ဇင်မာဦး) (ဒါရိုက်တာ-မောင်နန္ဒ၊ယောဟန်ထူး)

**mitv**

07:02 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
07:10 Weekly Review
07:26 Myanmar Orchestra (Thachinkhant)
07:30 Ngapali Beach: Fishing Villages
07:37 Faces Of ASEAN (Indonesia)
07:41 Myanmar Designer Studio: Zin Htun
08:01 News
08:41 The Great Collector: Myanmar Antique Furniture and Handicraft
09:01 Quiz Time (Ep-25)
10:01 News
10:27 Products of Myanmar - Strong And Stylish Pakokku Slippers
10:39 Listening Pleasure, Instrumental Music (Mandolin) Special Show
10:51 One of the Useful Purposes of Bamboo
11:02 Kyaikhteeyoe: Bamboo Guns
11:08 The Ornithologist: Dr. Thein Aung

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သူတို့ယုံကြည်ရာ
**ချင်း (ဖလမ်) (၀၇:၀၀ မှ ၀၈:၀၀)**
တွဲလက်ညီညီခရီးဆက်မည် NRC (အပိုင်း-၂)
**ချင်း (ဇိုမီး) (၀၈:၀၀ မှ ၀၉:၀၀)**
ရှားပါးလာသောရိုးရာတောင်းရက်လုပ်ခြင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပြိုးပဒေသာ(မဏိစန္ဒာနှင့်ပုလဲစိန်)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၃)
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
တောင်ပေါ်မြို့ကပြာရည်ထုပ်
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ဒါကြက်ဥပွတင်းလုပ်ကြမယ်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ဖားဆောင်းမြို့နယ်အတွင်းရှိအဆင့်မြင့် မော်ချီးသတ္တုတွင်း
**ဝကကကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၁)
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကျန်းမာအောင်အသင့်ရှင်နေထိုင်ခြင်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၆
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် အပိုင်း-၂
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဂုဏ်ပြုအစီအစဉ်
၀၆:၄၅ သုတေသနမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီ
၀၇:၀၀ ကျန်းမာခြင်းဆုလာဘ်ကိုပိုင်ဆိုင်ဖို့ အာဟာရပြည့်ဝတဲ့ နှစ်ရှည်သီးနှံတွေ စိုက်ပျိုးထုတ်လုပ်စားသုံးစို့
၀၇:၄၀ "မွေးမြူရေးရာအဖြာဖြာ"
၀၈:၅၀ ဘက်စုံအဆင့်မြင့်ကျေးရွာများထူထောင်ပေး တောင်သူဘဝတိုးတက်သာယာရေး
၀၉:၅၅ ဆန်ကိုအခြေခံ၍ကိတ်မုန့်ပြုလုပ်နည်း

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၈၅ | ၂၇၇၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၅ | ၂၈၆၅ | ၂၈၆၀ | ၂၇၆၀ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၇ |
| 95 Ron | ၁၉၅၂ | ၂၀၂၅ |
| HSD (500 ppm) | ၂၆၀၃ | ၂၆၈၅ |
| HSD (50 ppm) | ၂၆၇၄ | ၂၇၅၇ |
| HSD (10 ppm) | ၂၆၇၄ | ၂၇၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ချင်းပြည်နယ် ဟားခါးမြို့ ထာရ်(၁)ရပ်ကွက်ရှိ ခရိုင်မီးသတ်ရုံးအား CDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်၊ မော်တော်ယာဉ်များ မီးရှို့ဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၅**

အကြမ်းဖက်သမားများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ လက်ပစ်ဗုံးများ၊ လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများ၊ လက်နက်ကြီး၊ လက်နက်ငယ်များကို အသုံးပြု၍ အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးများ၊ စာသင်ကျောင်းများ၊ ပြည်သူပိုင်အဆောက်အအုံများ၊ အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများ၊ စစ်ရေးနှင့် မသက်ဆိုင်သည့်နေရာများ၊ အစိုးရရုံး၊ ဌာနများနှင့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီး၊ ပစ်ခတ်၊ တိုက်ခိုက်နှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့နံနက် ၃ နာရီခန့်တွင် ချင်းပြည်နယ် ဟားခါးမြို့ ထာရ်(၁)ရပ်ကွက်ရှိ ခရိုင်မီးသတ်ရုံးအား CDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး မော်တော်ယာဉ်များ မီးရှို့ခဲ့သဖြင့် အဆိုပါအနီးတစ်ဝိုက် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ထိတွေ့မှု ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက် မီးရှို့ဖျက်ဆီးမှုကြောင့် မီးသတ်ရုံးအတွင်းရှိ မီးသတ်ယာဉ် နှစ်စီး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့သည့် CDF အမည်ခံ အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





CDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ဟားခါးမြို့ ထာရ်(၁)ရပ်ကွက် ခရိုင်မီးသတ်ရုံးမှ မီးသတ်ယာဉ် နှစ်စီး မီးလောင်ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။



## ပြည်သူများအား အခြေခံစားသုံးကုန်စည်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**အင်္ဂပူ အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးမြို့ဈေး၌ ယမန်နေ့က အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ပြည်သူများအား ရောင်းချပေးခဲ့သည်။

အဆိုပါစားသုံးကုန်များရောင်းချရာသို့ အင်္ဂပူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းတို့က ဈေးရောင်း၊ ဈေးဝယ်မှုများအား ကြည့်ရှုအားပေးကူညီခဲ့ပြီး ရောင်းချရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ဆန် ၁၀ အိတ်၊ ကြက်ဥသုံးလုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ကြက်ဥအလုံး ၁၀၀၀ နှင့် ဟင်းသီး၊ ဟင်းရွက်များ ရောင်းချပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ပဲခူးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး(၃)ဦး သေဆုံးကြောင်း စိတ်နှလုံး မချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ပဲခူးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ပဲခူးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ကယားပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံး မချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ကယားပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ကယားပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ကရင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀မမ၊ ၄၀မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံး မချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထားတိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ကရင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ကရင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ကချင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံး မချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ကချင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ကချင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံး မချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## တနင်္သာရီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ် စခန်းအား အကြမ်းဖက် PDF များမှ ၆၀မမ၊ ၄၀မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံး မချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထားတိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့တနင်္သာရီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**တနင်္သာရီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

ကျိုက်ထီးရိုးဘုရား၊ ကင်မွန်းချောင်း တောင်တက်ကားဂိတ်ကို အကြမ်းဖက်သမားများက လက်နက်များဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ဘုရားဖူးပြည်သူ (၁၉)ဦး ထိခိုက်ဒဏ်ရာရပြီး (၃)ဦးသေဆုံးခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်ပြီး ကုသိုလ်ကောင်းမှုများ ပြုလုပ်နေချိန် အခွင့်ကောင်းယူကာ ပြည်သူများပျက်စီးရေးကို ရေးရှုလျက် အကြမ်းဖက်မှုများကို ပြုလုပ်ခဲ့သည့် အဖွဲ့အစည်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ

## ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ဧရာဝတီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ဧရာဝတီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဧရာဝတီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ရခိုင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး(၃)ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ရခိုင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ရခိုင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ချင်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ချင်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ချင်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## စစ်ကိုင်းတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂ - ၁၀ - ၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ စစ်ကိုင်းတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**စစ်ကိုင်းတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းချောင်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း (၁၉)ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး (၃)ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**



# မြစိမ်းရောင်စီမံကိန်း ဆီထွက်သီးနှံချေးငွေများ ထုတ်ချေး

**ရေတာရှည် အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၃ ရွာ၌ မြစိမ်းရောင် ဆီထွက်သီးနှံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းက ရေနီမြို့ မြို့အုပ်ချုပ်ရေးမှူးရုံး၌ ဆီထွက်သီးနှံ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကျင်းပခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဇေယျာသိမ်ကျေးရွာအုပ်စု ဇေယျာသိမ်ကျေးရွာနှင့် ပေါင်းတည်ကျေးရွာတို့၌ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စီကို ကျေးရွာကော်မတီအလိုက် ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာတွင် ဆီထွက်သီးနှံနေကြာ စိုက်ပျိုးသူပေါင်း ၅၇ ဦး၊ စိုက်ဧကပေါင်း ၁၂၁ ဧကဖြစ်ပြီး ဆီထွက်သီးနှံများ ဖြစ်ထွန်းအောင်မြင်ပါက ဒေသအလိုက် စားသုံးဆီဖူလုံကြွယ်ဝနိုင်မည့်အပြင် စိုက်ပျိုးသည့်တောင်သူများအတွက် နေကြာစပ်မျိုးသန့်၊ ဓာတ်မြေသြဇာများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ကမ္ဘာ့စားနပ်ရိက္ခာနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ကောင်းမွန်ပြည့်ဝ အာဟာရ ဝန်းကျင်လှပ ကျန်းမာစွ

**ထက်ဝေအောင်(စစ်ကိုင်း)**

ကျန်းမာစွာ အသက်ရှင်သန်နေထိုင်ရေးအတွက် ရေနှင့်အစားအစာသည် တွဲဖက်လိုအပ်လျက်ရှိသည်။ အာဟာရဖြစ်ဖွယ်စားသောက်စရာစပါး၊ ဂျုံ၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံစားစရာတစ်ခုမျှမရရှိလျှင် ချည့်နဲ့အင်အားကွယ်ပျောက်ကြရမည်သာဖြစ်သည်။ စားစရာပြည့်စုံသော်လည်း အာဟာရမပြည့်စုံလျှင် ရောဂါထူပြောမည်ဖြစ်သည်။ အစာအာဟာရမရရှိလျှင် ရပ်တည်ရှင်သန်ရန် မဖြစ်နိုင်သဖြင့် စား၊ ဝတ်၊ နေရေးတွင် စားရေးသည် အခြေခံအကျဆုံးနှင့် အရေးပါဆုံးလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ နေ့စဉ်နှင့်အမျှ အာဟာရပြည့်စုံသောအစားအသောက်ကို မှီဝဲသုံးဆောင်ရန်လိုအပ်သည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါး စုံညီမျှတမှသက်ရှည်ကျန်းမာလူ့ဘဝ စာချိုးအတိုင်း လူသားအားလုံး အာဟာရပြည့်ဝကျန်းမာကြမည်ဖြစ်သည်။




**ကမ္ဘာ့လူဦးရေနှင့် စားနပ်ရိက္ခာပမာဏ အချိုးမညီမျှ**

တိုးတက်ပြောင်းလဲလျက်ရှိသည့် နည်းပညာခေတ်နှင့်အပြိုင် နှစ်စဉ်တိုးပွားလျက်ရှိသော ကမ္ဘာ့လူဦးရေနှင့် စားနပ်ရိက္ခာပမာဏ အချိုးမညီမျှဖြစ်လာသည်ကို လေ့လာတွေ့ရှိရသည်။ စစ်မက်ပဋိပက္ခဖြစ်ပွားခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းသည် စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကို တုံ့နှေးစေသည်။ လူတစ်ဦးချင်းစီ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများပါ ဆုံးရှုံးစေသည်။ အာဟာရမပြည့်ဝမှုနှင့် ဆင်းရဲမှုသည် ဆက်စပ်တည်ရှိခြင်းကြောင့် ပတ်ဝန်းကျင်ငြိမ်းချမ်းမှသာလျှင် အလုပ်အကိုင်အခွင့်အလမ်းများလည်း တည်တံ့ခိုင်မြဲစေမည်ဖြစ်သည်။ ဆာလောင်ငတ်မွတ်မှုဒဏ်ကို ခံစားနေရသူအများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ပြီး အရွယ်အားဖြင့် အဘိုးအဘွား၊ အမျိုးသမီးများနှင့် ကလေးသူငယ်များဖြစ်ကြပြီး စားနပ်ရိက္ခာမလုံလောက်မှု၊ အာဟာရချို့တဲ့မှုပြဿနာကြောင့် ကမ္ဘာပေါ်တွင် ပျမ်းမျှတစ်မိနစ်လျှင် ကလေးငယ်တစ်ဦး အသက်ဆုံးရှုံးလျက်ရှိနေခြင်းကြောင့် စားရေးလိုအပ်ချက်ပြဿနာကို လူသားချင်းစာနာမှုအသွင်ဖြင့် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ရန်လိုအပ်လာခဲ့သည်။

နိုင်ငံတိုင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် နေ့စဉ်အာဟာရပြည့်ဝစွာရရှိရေး၊ သန့်ရှင်းလတ်ဆတ်သော အစားအစာထုတ်လုပ်ရေး အခန်းကဏ္ဍကို အလေးထားဆောင်ရွက်ရန် လိုအပ်ပေသည်။ စားသောက်မှုပုံစံကို ပြုပြင်ရန်လိုအပ်ပြီး ဘေးကင်းလုံခြုံသောအစားအစာကိုစားသောက်ကြရန်လည်း လိုအပ်ပေသည်။ အမျှင်ဓာတ်ပါသော အစားအစာ၊ ဘေးထွက်ဆိုးကျိုးနည်းသော အစားအစာများကို မှီဝဲသုံးဆောင်သင့်သည်။ တာရှည်ခံပြုပြင်ထုတ်လုပ်ထားသည့် အစားအသောက်များကို ရှောင်ကြဉ်သင့်ပြီး လတ်ဆတ်သောဟင်းသီးဟင်းရွက်၊ ဓာတုဆိုးဆေးကင်းသောအစာ၊ အေးခဲအစားအစာတို့ကို သတိပြုဆင်ခြင်သင့်ပေသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လူ့လောကအသိုက်အဝန်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၇)ရပ်ချမှတ်ခဲ့ပြီး ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းများကို အသားပေးဖော်ဆောင်လျက်ရှိသော်လည်း အာဟာရမပြည့်ဝသူဦးရေမှာ တိုးပွားလျက်ရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အချို့တွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ စားနပ်ရိက္ခာထုတ်လုပ်မှုပမာဏ လျော့ကျမှု၊ အရည်အသွေးမပြည့်ဝမှု၊ စားသောက်နေထိုင်မှုပုံစံမမှန်ကန်မှုများကြောင့် ရောဂါဘယထူပြောနိုင်ပေသည်။ ကျန်းမာရေးကို အထောက်အကူပြုစေနိုင်သည့်စားသောက်မှုပုံစံပြောင်းလဲရန်နှင့် အရည်အသွေးပြည့်ဝသည့် စားနပ်ရိက္ခာထုတ်လုပ်မှုပမာဏ ပိုမိုတိုးတက်ထုတ်လုပ်ရန် လိုအပ်လာသည်ကို လေ့လာဆန်းစစ်ချက်များမှတစ်ဆင့် တွေ့ရှိရသည်။

**စားရေရိက္ခာဖူလုံရေးစီမံကိန်းများ ကြိုးပမ်းဆောင်ရွက်**

၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခြင်းကင်းစင်သော အနာဂတ်ကို ကြိုတင်ပြင်ဆင်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံထားသည့်နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် နှစ်စဉ် ရာသီအလိုက် သီးနှံ ၆၀ ကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ဘေးကင်းလုံခြုံ အာဟာရပြည့်ဝသောစားနပ်ရိက္ခာထုတ်လုပ်မှုအခန်းကဏ္ဍကို ရေတို/ရေရှည်နည်းလမ်းများ၊ စားရေရိက္ခာဖူလုံရေးစီမံကိန်းများဖြင့် တက်ကိုဝင့် ရွက်ကိုလွှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူဦးရေတိုးပွားမှုနှင့် စားရေရိက္ခာဖြည့်တင်းရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးပြန်လည်ထူထောင်ရေးအခြေအနေများကို လွှမ်းခြုံနိုင်သည့်လယ်ယာကဏ္ဍတစ်ရပ် ပေါ်ပေါက်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ဟန်ချက်ညီညီကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာကဏ္ဍ တစ်ခေတ်ဆန်းသစ်လာစေရေးအတွက် တောင်သူလယ်သမားများ ဝင်ငွေဖွံ့ဖြိုးစီးပွားတိုးတက်စေသည့် ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်များပြောင်းလဲစိုက်ပျိုးခြင်း၊ ရေသွယ်မြောင်းများဖြင့် ရေသွင်းနည်းစနစ်များကို အသုံးပြုပြောင်းလဲခြင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာခေတ်သို့ ကူးပြောင်းခြင်းဆိုင်ရာအလေ့အကျင့်ကောင်းများကို ဖော်ဆောင်ပေးလျက်ရှိသည်။ ခေတ်မီနည်းပညာများဖြင့် ပိုးမွှားကင်းစင်ပြီး ရာသီဥတုဒဏ်ခံနိုင်သည့် စပါးမျိုးသစ်များ သုတေသနပြုထုတ်လုပ်ခြင်း၊ စိုက်ပျိုးမှုပုံစံများ ဆန်းသစ်ခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းခြင်း၊ စနစ်ကျလယ်ယာမြေများဖော်ထုတ်ခြင်းလုပ်ငန်းများဖြင့် ခိုင်မာသော စားနပ်ရိက္ခာထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

**စိုက်ပျိုးရေရရှိရေး**

လယ်ယာကဏ္ဍတွင် မရှိမဖြစ်အရေးပါသည့်အရာမှာ စိုက်ပျိုးရေရရှိရေးဖြစ်ပါသည်။ ရာသီမလပ်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဆည်ရေမှာ လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ မြစ်ချောင်းများမှစီးဆင်းလျက်ရှိသည့် ရေများလေလွင့်ဆုံးရှုံးမှုမရှိစေရေး နည်းပညာအကူအညီဖြင့် လူသားအကျိုးပြု ဆည်မြောင်း၊ တာတမံတည်ဆောက် သိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ကြသည်။ စိုက်ပျိုးရေရရှိရေး အလေးထားသော နိုင်ငံအများစုသည် ဆည်မြောင်းတာတမံစနစ်တစ်ရပ် အခိုင်အမာတည်ဆောက်လျက် ဆည်ရေကို သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း အပိုင်းနှစ်ပိုင်းဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို အကျိုးပြုလျက်ရှိပါသည်။

သီးနှံစိုက်ပျိုးရာတွင် အသုံးပြုလေ့ရှိသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းကို သတိပြုဆင်ခြင်သုံးစွဲရန် လိုအပ်လာပါသည်။ စားသုံးသူများ ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးအတွက် ဓာတုဆေးပါဝင်မှု နည်းပါးသော စားသောက်ကုန်များ ထုတ်လုပ်ကြရပါမည်။ ပိုးသတ်ဆေး သုံးစွဲမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများမှတစ်ဆင့် ကိုင်တွယ်ထိတွေ့အသုံးပြုသူများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိခြင်း၊ မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများ၏ လိုက်နာဖွယ်ရာဥပဒေအချက်အလက်များကို ပိုမိုသဘောပေါက်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍအတွက် အပေါင်းလက္ခဏာကို ဆောင်စေမည်ဖြစ်ပါသည်။

အလားတူ ကျေးလက်ဒေသလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်ခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါ်များလာခြင်း၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ခြင်းလုပ်ငန်းစဉ်ကို လက်တွေ့ကျကျဆောင်ရွက်ခြင်းဖြစ်ပါသည်။ **စာမျက်နှာ ၁၉ သို့** ✳



> **နိုင်ငံတိုင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် နေ့စဉ်အာဟာရပြည့်ဝစွာရရှိရေး၊ သန့်ရှင်းလတ်ဆတ်သော အစားအစာထုတ်လုပ်ရေး အခန်းကဏ္ဍကို အလေးထားဆောင်ရွက်ရန် လိုအပ်ပေသည်။ စားသောက်မှုပုံစံကို ပြုပြင်ရန်လိုအပ်ပြီး ဘေးကင်းလုံခြုံသောအစားအစာကို စားသောက်ကြရန်လည်း လိုအပ်ပေသည်။ အမျှင်ဓာတ်ပါသော အစားအစာ၊ ဘေးထွက်ဆိုးကျိုးနည်းသော အစားအစာများကို မှီဝဲသုံးဆောင်သင့်**

# ကျောက်တော်မြို့နယ်၌ ယူရီးယားဓာတ်မြေသြဇာအိတ်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်တော် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်လမ်းညွှန်မှုဖြင့် ယူရီးယား ဓာတ်မြေသြဇာများအား ကျောက်တော်မြို့နယ်၌ မိုးစပါး စိုက်ပျိုးရာသီအတွင်း တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဓာတ်မြေသြဇာ သယ်ယူသိုလှောင်ရေးကော်မတီတို့ ဖွဲ့စည်းပြီး မိုးစပါးစိုက်ပျိုးတောင်သူများအား သြဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပြင်ပဈေးဆိုင်များ၌ ယူရီးယားဓာတ်မြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ ဝန်းကျင်ခန့်ဖြင့် ဝယ်ယူစိုက်ပျိုးနေရခြင်းကြောင့် မြို့နယ်ဓာတ်မြေသြဇာ သယ်ယူသိုလှောင် ဖြန့်ဖြူးရေးကော်မတီနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းပြီး ယူရီးယားဓာတ်မြေသြဇာများအား မိုးစပါးစိုက်ပျိုးရာသီတွင် တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူအသုံးပြုပြီး လယ်ယာထုတ်ကုန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဓာတ်မြေသြဇာဈေးနှုန်းကြီးမြင့်မှုကြောင့် အထွက်နှုန်း လျော့နည်းကျဆင်းမှုမဖြစ်ပေါ်စေရေးအတွက် ယူရီးယားတစ်အိတ်လျှင် သတ်မှတ်ဈေးနှုန်းငွေကျပ် ၄၈၀၀၀ ဖြင့် ယူရီးယားဓာတ်မြေသြဇာအိတ် ၄၄၀၉ အိတ်အား တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



**ခင်မောင်ထွန်း(ပြန်/ဆက်)**

# ယခုဘဏ္ဍာနှစ်တွင် ခရိုင်ကိုးခရိုင်၌ ဆောင်းနှမ်းစိုက်ဧက ၇၃၀၉၅ ဧက ကို စိုက်ပျိုးသွားမည်



**မန္တလေး အောက်တိုဘာ ၁၅**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ကိုးခရိုင်၌ ဆီထွက်သီးနှံဖြစ်သော ဆောင်းနှမ်းစိုက်ဧက ၇၃၀၉၅ ဧကကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဆောင်းနှမ်းကို တိုင်းဒေသကြီးအတွင်း ခရိုင်ကိုးခရိုင်ရှိ မြို့နယ် ၁၈ မြို့နယ်တွင် စိုက်ဧက ၇၃၀၉၅ ဧကကို ယခုအောက်တိုဘာလဆန်းမှစတင်၍ စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း ခရိုင်အလိုက် ဆောင်းဆီထွက်သီးနှံဖြစ်သော ဆောင်းနှမ်းများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများ စိုက်ပျိုးနေခြင်းသည် ပြည်တွင်းရှိ စားသုံးသူပြည်သူများ ဆီဖူလုံမှုရှိစေရေးအတွက် ဌာနမှမျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးမှုများဖြင့် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်ပကနေ စားအုန်းဆီတင်သွင်းမှုတွေ လျှော့ချဖို့အတွက်ကို အဓိကရည်ရွယ်ပြီးတော့ တိုင်းဒေသကြီးအတွင်းမှာ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာတွေကို ပိုမိုတိုးချဲ့စိုက်ပျိုးနေပါတယ်။ တိုင်းဒေသကြီးအတွင်း ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက်လည်းပါတယ်။ ပြီးခဲ့တဲ့နှစ်က နှမ်းကိုလျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာ ဆောင်းနှမ်းစိုက်ပျိုးတဲ့အခါ မျိုးကွဲတွေအလိုက် စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနကနေ တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဆီထွက်သီးနှံ အမျိုးအစားအလိုက် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေးနည်းပညာရပ်များကိုလည်း ပံ့ပိုးဆောင်ရွက်ပေးပါတယ်" ဟု ၎င်းကရှင်းပြသည်။

အဆိုပါ ဆောင်းနှမ်းသီးနှံကို တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် စိုက်ပျိုးသွားမည့်ဧကများမှာ ကျောက်ဆည်ခရိုင်တွင် ၁၃၄၈၅ ဧက၊ ညောင်ဦးခရိုင်တွင် ၂၅၂၃ ဧက၊ တံတားဦးခရိုင်တွင် ၁၄၉၅၈ ဧက၊ ပြင်ဦးလွင်ခရိုင်တွင် ၇၅ ဧက၊ မိတ္ထီလာခရိုင်တွင် ဧက ၁၉၇၀၊ မြင်းခြံခရိုင်တွင် ၂၈၁၂ ဧက၊ ရမည်းသင်းခရိုင်တွင် ဧက ၂၅၀၀၊ သပိတ်ကျင်းခရိုင်တွင် ၁၀၆၅၁ ဧက၊ အောင်မြေသာစံခရိုင်တွင် ၅၁၂၂ ဧက စသည့် ခရိုင်များတွင် ဆောင်းဆီထွက်သီးနှံဖြစ်သော ဆောင်းနှမ်းလျာထားစိုက်ဧကစုစုပေါင်း ၇၃၀၉၅ ဧကကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျိုင်းတုံခရိုင်နှင့် မက်မန်းခရိုင်အတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင်၊ မိုင်းယန်းခရိုင်နှင့် မက်မန်းခရိုင်အတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများလျာထားသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးနှင့် ဦးမင်းမင်းဦးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးကျော်မိုးက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး လစဉ်စိစစ်ဆောင်ရွက်နေမှုများနှင့် မဲရုံများလျာထားသတ်မှတ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျိုင်းတုံခရိုင်၊ မိုင်းယန်းခရိုင်၊ မက်မန်းခရိုင်နှင့် မြို့နယ်များမှ ရွေးကောက်ပွဲအရာရှိများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာဝန်ရှိသူများ၊ တပ်နယ်တာဝန်ခံများက ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✳ စာမျက်နှာ ၁၈ မှ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဟန်ချက်ညီညီ ထုတ်လုပ်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးအခန်းကဏ္ဍအတွက် အကျိုးရလဒ်ကောင်းများကို ပေါ်ထွက်စေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းမှ သီးနှံအောင်မြင် အထွက်တိုးနိုင်သကဲ့သို့ တိရစ္ဆာန်မွေးမြူထုတ်လုပ်သောလုပ်ငန်းများမှလည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကိုမြှင့်တင်ပေးနိုင်ပါသည်။ ကျန်းမာသန့်ရှင်းပြီး အာဟာရပြည့်ဝသော မွေးမြူရေးထုတ်ကုန်များ တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ် ပိုမိုထုတ်လုပ်ပေးနိုင်ခြင်းဖြင့် တိုင်းပြည်၏ဝင်ငွေကို တိုးပွားရရှိစေပါသည်။



### ကမ္ဘာတစ်ဝန်းလုံးသိရှိစေရန် ရည်သန်ဆောင်ရွက်

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ စားနပ်ရိက္ခာဖူလုံရေးကြိုးပမ်းဆောင်ရွက်မှုကို ဂုဏ်ပြုသောအားဖြင့် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ နှစ်စဉ် ကမ္ဘာတစ်ဝန်းလုံး၌ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားများ ကျင်းပကြသည်။ ရည်ရွယ်ချက်အနေဖြင့် ဆာလောင်မွတ်သိပ်သူများအား ကိုယ်ချင်းစာနာနိုင်ရေး၊ လူသားအားလုံး စားနပ်ရိက္ခာလုံခြုံရေးနှင့် အစာအာဟာရ ပြည့်ဝစွာရရှိရေးလိုအပ်ချက်များကို ကမ္ဘာတစ်ဝန်းလုံးသိရှိစေရန် ရည်သန်ဆောင်ရွက်ခြင်းလည်းဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ကမ္ဘာ့စားနပ်ရိက္ခာနေ့အတွက် ဆောင်ပုဒ်ကို "ထွက်ကုန်မြှင့်တင် တိုးထုတ်လျှင် ကောင်းမွန်ပြည့်ဝ အာဟာရ၊ ဝန်းကျင်လှပ တို့ဘဝ၊ လူတိုင်းစေ့င ရရှိကြ" "Leave no one behind; Better Production, Better Nutrition, Better Environment and Better Life"ဟူ၍ သတ်မှတ်ခဲ့သည်။ ဆောင်ပုဒ်၏အဓိပ္ပာယ်ကို ခြုံငုံလေ့လာပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုထုတ်လုပ်ခြင်းဖြင့် လူတိုင်းသာတူညီမျှ ကောင်းမွန်ပြည့်ဝသော အာဟာရကိုယ်စီရရှိစေနိုင်မည့် အခြေအနေကို မီးမောင်းထိုးပြထားသည်ကို တွေ့ရှိရသည်။

စားနပ်ရိက္ခာဖူလုံစွာရရှိရေးသည် အခြေခံအကျဆုံးသော လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်။ မြန်မာတို့သည် "ထမင်းအသက် ခုနစ်ရက် ရေအသက် တစ်မနက်" ဆိုစကားကို ထောက်ရှုကြည့်ပါက လူတစ်ဦးသည် အစာအာဟာရမရှိလျှင် ခုနစ်ရက်ထက်ပို၍ အသက်ရှင်သန်နိုင်စွမ်းမရှိမှုကို ရည်ညွှန်းထားသည်။ ထိုအစာအာဟာရသည် လူတစ်ဦးကျန်းမာသန်စွမ်းမှုကို အထောက်အကူပြုသည်။ သို့ဖြစ်၍ စားနပ်ရိက္ခာလိုအပ်ချက်ကွက်လပ်များကို ဖြည့်ဆည်းရမည်ဖြစ်သည်။ ဆာလောင်မွတ်သိပ်မှုဒဏ် ခံစားနေရသူအများစု၏ ဆန္ဒအာသီသကို မဖယ်ရှားသင့်ပေ။

### ဆတက်ထမ်းပိုး စိုက်ပျိုးလုပ်ကိုင်ရန်လိုအပ်

စားနပ်ရိက္ခာလိုအပ်မှုပြဿနာများ ပေါ်ပေါက်ရခြင်းသည် ပဋိပက္ခနှင့်စစ်ပွဲများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ နည်းစနစ်လွဲမှားသော စိုက်ပျိုးရေးအလေ့အထများ၊ လူဦးရေအဆမတန်တိုးပွားလာမှုနှင့် ဆင်းရဲမွဲတေမှုအခြေအနေများကြောင့်ဖြစ်သည်။ အဆိုပါပြဿနာကို ဖြေရှင်းရန်အတွက် ကျေးလက်ဒေသလယ်ယာလုပ်ငန်းခွင်များတွင် ဆတက်ထမ်းပိုး စိုက်ပျိုးလုပ်ကိုင်ရန်လိုအပ်ပေသည်။အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုဖြင့် ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်မှုအခြေအနေများလည်း လျော့ကျသွားနိုင်သည်။ စားနပ်ရိက္ခာဖူလုံရေး ကျောထောက်နောက်ခံပြုထားသည့် ကျေးလက်ဒေသလူမှုစီးပွားဘဝများလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေနိုင်သည်။

သို့ဖြစ်ရာ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ အခြေခံအကြောင်းရင်းများဖြစ်သည့် ရာသီဥတုညီညွတ်မျှတမှုရှိရေး၊ စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဖြစ်ပေါ်ရေးမှာ ကမ္ဘာ့ပြည်သူပြည်သားအားလုံး၏တာဝန်ဖြစ်ပါသည်။ မမျှော်မှန်းနိုင်သောဘေးအန္တရာယ်အသွယ်သွယ်နှင့် စားနပ်ရိက္ခာလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းရန်အတွက် လူသားအားလုံး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများထူထောင်ခြင်း အစရှိသောလုပ်ငန်းများကို အမျိုးသားရေးအမြင်၊ တက်ကြွသော ဆောင်ရွက်မှုများဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အကောင်းဆုံးပူးပေါင်းပါဝင်ကြပါစို့ဟု တိုက်တွန်းလျက် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ဝတ္ထုတို

## မမလေး

**အခန်း(၁)**

"အမေရေ....အမေ..သမီးလာပြီလေ သမီးကိုထကြည့်ပါဦးအမေရဲ့ ဟီး..ဟီး"

ဒေါ်အုံးတင်၏ အသက်မဲ့ခန္ဓာဘေးတွင် ချုံးပွဲချငိုနေသော သမီးကိုကြည့်၍ ဦးသာဒင်နောက်သို့ကျောခိုင်းလိုက်သည်။

" သမီး အမေအသည်းအသန်ဖြစ်နေတယ် အမြန်လာပါ" လို့ ဖုန်းဆက်ချိန်က ယောကျ်ားဖြစ်သူက ခွင့်မရတာနှင့်။ မြေးဖြစ်သူက စာမေးပွဲနီးနေသည့်အတွက် မလာဖြစ်သည်နှင့်။ အကြောင်းအမျိုးမျိုးပြ၍ ရောက်မလာခဲ့။ အိမ်ရှေ့တွင် ဖြတ်သွားသည့် ဆိုင်ကယ်သံကြားတိုင်း သားလား၊ သမီးလားဟု အားယူ၍ ခေါင်းထောင်ကြည့်တတ်သော ဒေါ်အုန်းတင်၏ မသေခင် သားနှင့် သမီးမျက်နှာလေး မြင်ချင်သည်ဟူသော နောက်ဆုံးဆန္ဒများ မပြည့်ဝခဲ့။ သမီးဖြစ်သူက နီးသည့်အတွက် သတင်းကြားကြားခြင်း ညနေပင်ရောက်လာသည်။ သားဖြစ်သူက နယ်ခြားတွင် နေထိုင်သည့်အတွက် မနက်ဖြန်မှ ရောက်လောက်မည်။ မိခင်အလောင်း မြေမကျချိန်တော့ မီမည်ထင်ပါသည်။

"အုန်းတင်ရေ နင်သိပ်ချစ်တဲ့သမီး ရောက်နေပြီလေ နင်ထမကြည့်နိုင်တော့ဘူး" အံကိုကြိတ်၍ တိုးတိတ်စွာ ပြောမိသည်။

"အမေရေ သမီးကိုခွင့်လွှတ်ပါ အမေ။ ဒီလောက်မြန်မြန်ကြီး သမီးတို့ကို ချန်ထားခဲ့မယ်မထင်လို့ပါ အမေရဲ့။ အခုတော့ သမီးဘယ်လိုဖြေရမလဲ"


အော်ဟစ်ငိုကြွေးနေသော သမီး၏ ပခုံးကို အသာဆုပ်ကိုင်လိုက်သည်။ နှစ်သိမ့်ပေးနိုင်သည့် စကားလုံးတော့ပြောမထွက်ပေ။ ငိုချလိုက်သမီး။ အားပါးတရ သမီးတို့ အမေကို လွမ်းလွမ်းဆွေးဆွေးနဲ့ ငိုချလိုက်။ နောက်ဆို အမေ့အတွက် မျက်ရည်ကျဖို့ သမီးမှာ မျက်ရည်မရှိတော့မှာ အဖေ စိတ်ပူလို့။ သမီးငိုတာ အဖေမတားတော့ဘူးကွယ်။

**အခန်း(၂)**

"အဖေရာ အမေက ဘယ်လိုဖြစ်ရတာလဲ။ သမားကောင်းတွေနဲ့ သေသေချာချာ ကုသရင် အမေ ဒီလိုဖြစ်စရာအကြောင်း မရှိဘူး"

သားတို့အမေ ကျန်းမာရေးမကောင်းလို့ ဆေးခန်းပြနေရသည်ဟု ပြောစဉ်က အမေ့အတွက်ပါဟူ၍ ဆေးဖိုးဝါးခ တစ်ပြားတစ်ချပ်မှ မထောက်ပံ့ခဲ့သည့် သားကြီးစကားကြောင့် ခေါင်းငြိမ့်မိပါသည်။

အဖေကုတာပေါ့ သားရယ်။ ငွေကြေးမလုံလောက်လို့ အဖေတို့ အိမ်နဲ့ ခြံဂရန်ပါ ပေါင်ပြီး ကုခဲ့တာပေါ့ဟုဆိုလျှင် အဖေ အပြစ်လွတ်မယ်ထင်ပါတယ် သားရယ်။ အမြစ်တွယ်၍ ခန္ဓာအနှံ့ပျံ့နေသည့် ကင်ဆာဆဲလ်က ဒေါ်အုန်းတင်ကို ခြေကုပ်မိထားပြီ။ အင်္ဂလိပ်ဆေး၊ မြန်မာဆေးမြီးတိုအစုံနှင့် ကုယူသော်လည်း မအောင်မြင်တော့ပေ။ခြောက်လဟုဒိတ်ပေးလိုက်သော်လည်း နှစ်လကျော်နှင့် ဒေါ်အုန်းတင်က အားလုံးကို ကျောခိုင်းခဲ့လေပြီ။ အုန်းတင်ရေ မင်းရဲ့




နောက်ဆုံးထွက်သက်မတိုင်မီ သားနှင့် သမီးမျက်နှာကို မတွေ့ရပေမယ့် မင်းရဲ့ သက်မဲ့ခန္ဓာရုပ်လောင်းကို မြေလာချသည့် သားနှင့်သမီးအတွက် မင်းကျေနပ်မယ် ထင်ပါတယ်။

**အခန်း(၃)**

"အဖေရာ အစတည်းက ဒီကိစ္စတွေ သမီးတို့ကို ပြောရောပေါ့။ အခုတော့ ဘယ်လိုလုပ်မလဲ အတိုးကလည်း များနေပြီ။ သမီးမှာလည်း စိုက်ထုတ်ပေးဖို့ ငွေမရှိဘူး" ဒေါ်အုန်းတင်တစ်ယောက် အေးချမ်းသွားသော်လည်း ဦးသာဒင်မှာ မငြိမ်းချမ်းနိုင်သေးပေ။

"ဟုတ်တယ်ဗျာ အဖေ သားတို့ကို အရင်တိုင်ပင်သင့်တာ။ အခုတော့ အဖေက ကိုယ်လုပ်ချင်ရာလုပ်တယ်။ သားတို့လည်း အခုအခြေဆို မတတ်နိုင်ဘူး"

ပြစ်တင်ရှုတ်ချသံများကြား သူခေါင်းငုံ့နေမိသည်။ လာမည့်ဘေးတော့ ပြေးတွေ့ရပေမပေါ့။

"ဘယ်သူမှမကူနိုင်ရင် ကာလပေါက်ဈေးအတိုင်း အဖေရောင်းမယ်"

"ဟင်.....ဟာ"

သူ့စကားကြောင့်သားနှင့်သမီး မှင်သက်သွားသည်။

"အဖေ အခုလိုဆုံးဖြတ်တာ မမှားပါဘူး။ အဖေလည်း အသက်ကြီးပြီဆိုတော့ သမီးနဲ့လိုက်နေပေ့ါ"

သမီးစကားကြောင့် ကြည်နူးရပါသည်။

"ဟာ နင်ကလည်း နင်ပဲခေါ်ထားလို့ ရမလား။ အဖေ သားအိမ်မှာလည်း တစ်လှည့်လိုက်နေ"

သားကြီးစကားကြောင့်လည်း ပီတိဖြစ်ရပေသည်။ အိမ်နှင့်ခြံလေးကို ကာလပေါက်ဈေးအတိုင်း ရောင်းချလိုက်သည်။ အရင်းနုတ်၍ ပိုထွက်လာသည့် ငွေသိန်းသုံးဆယ်အား သားဆယ့်ငါးသိန်း သမီးဆယ့်ငါးသိန်း ခွဲတမ်းချလိုက်လေသည်။ သားအိမ်နှင့်သမီးအိမ် လွန်ဆွဲပွဲတွင် သမီးအိမ်သို့ အရင်ရောက်ခဲ့သည်။

**အခန်း(၄)**

"အဖေ ဒီနေ့ ဘာဟင်းလေးနဲ့ ထမင်းစားချင်လဲဟင်" သမီးဖြစ်သူ၏ ချွဲချွဲနွဲ့နွဲ့ စကားသံလေးကြောင့် ဝမ်းသာပီတိဖြစ်ရသည်။

"သမီးချက်တာ အဖေအကုန်စားမယ်" သမီး၏ ဂရုစိုက်ကြင်နာမှုများကြောင့် နေပျော်ရပါသည်။

နံနက်ခင်း လမ်းလျှောက်ထွက် ခြံထဲရှိအပင်လေးများပျိုးထောင် အားလပ်ချိန် တရားဘာဝနာလေး ပွားများ၍ နေသည့် ဘဝလေးသည် အဆင်သင့်ပေသည်။ တစ်ခါတလေ သမီးဖြစ်သူ၏ ခင်ပွန်းက လူငယ်ပီပီ သောက်စားတတ်သည့်အကျင့် ရှိသည့်အတွက် အနည်းငယ် အနေကျပ်ပေသည်။ သွေးပူလျှင် သွေးဆူတတ်သည့် အကျင့်ကြောင့် ထိုအချိန်မျိုးတွင် အနေအထိုင် ဆင်ခြင်ရသည်။ "ရှင်ဘာဖြစ်ချင်နေတာလဲ။ ရှင်ကြိုက်တဲ့ အရက်သောက်ပြီးရင် ကိုယ့်ဘာသာအေးဆေးနေ ကျုပ်ကို ရန်လာမရှာနဲ့"

"ဩော် မင်းက ဘယ်လင်အားကိုးနဲ့ ငါ့ကိုပြန်ပြောနေတာလဲ"

"ရှင်မမိုက်ရိုင်းနဲ့"

ကြားရသည့်စကားများသည် နားမဝံ့သာ။ သူအခန်းထောင့်လေးမှ သမီးဖြစ်သူတို့၏ ရန်ပွဲကို ကြည့်နေမိသည်။ ဝင်ရောက်ဖျန်ဖြေလျှင်လည်း သမီးနှင့် သားမက်ကြား။

"မင်းအချိုးတွေ ငါသိတယ် လင်စားဖို့ကျတော့ ဖြစ်သလို လင်ကြီးစားဖို့ကျတော့ မင်းက..."

ဘုရား..ဘုရား ကြားရသည့်စကားကြောင့် လက်ဖြင့် နားနှစ်ဖက်ကို ဖိပိတ်ထားမိသည်။သူ့ကြောင့်သမီးတို့အိမ်ထောင်ရေး အဖုအထစ်တွေဖြစ်လေပြီ။သားမက်ဖြစ်သူ၏ စိတ်သဘောထားသေးသိမ်မှုကြောင့် ရေရှည်နေရန် မသင့်တော်သည်ကို သိလိုက်ပြီ။ ထို့ကြောင့် သူ၏ ခြေလှမ်းများသည် သားကြီးအိမ်သို့ ခြေဦးတည်လိုက်သည်။

**အခန်း(၅)**

"အဖေ ကိုယ့်အိမ်လိုသဘောထားတစ်ခုခုဆို အဖေ့သမီးကို ပြော။ အဖေ့မြေးလေးလည်းရှိတော့ အဖေစကားပြောဖော်ရတာပေါ့"

သားကြီးစကား ခွန်အားဖြစ်ရပေသည်။ မြေးလေးနှင့်အတူ အဖော်လုပ်ဆော့ကစားပေးခြင်းဖြင့် တစ်နေ့တာအချိန်များ ကုန်လွန်ခဲ့ပေသည်။ မြေးလေးကျောင်းတက်ရသည့်နေ့များတွင် သူတစ်ယောက်တည်း အဖော်မဲ့၍ အထီးကျန်သည်။

ခြံထဲလမ်းလျှောက်ထွက်စဉ် ခရေပန်းရနံ့သင်းသင်းကြောင့် စိတ်ကြည်နူးရသည်။ သားကြီးတို့ခြံ မလှမ်းမကမ်းရှိ ခရေပင်ကြီးအောက် ခရေပန်းများ ဖွေးဖွေးလှုပ်လျက်။ ပန်းကောက်သီ၍ ဘုရားဒါနပြုရသည့်လုပ်ငန်းတစ်ခု သူပိုင်ဆိုင်ခဲ့သည်။

"အဘ ခရေပန်းကောက်ရောင်းတာလား"

အမျိုးသမီးတစ်ဦး၏ စကားကြောင့် သူလှည့်ကြည့်မိသည်။ ထိုအမျိုးသမီးက အသက်လေးဆယ်ဝန်းကျင်ခန့် ရှိမည်ထင်သည်။

"မဟုတ်ဘူးသမီးရဲ့ ဘုရားလှူတာပန်းတွေအများကြီး သမီးလည်း လိုချင်လာကောက်လေ"

"သမီးက စိတ်ပဲရှိတာ မအားဘူး အဘရေ။ အဲ့ဒါကြောင့် အဘရောင်းရင် ဝယ်ချင်လို့"

ပင်ကိုဗီဇ သဒ္ဓါတရားကြွယ်သည့်အတွက် ခရေပန်းလှူရန် ဆန္ဒဖြစ်မိသည်။

"သမီးလှူချင်ရင် အဘပေးမယ်လေ သမီးလာယူလှည့်"

သူ့စကားကြောင့် ထိုအမျိုးသမီး မျက်နှာရွှင်သွားသည်။ အိမ်က ဘုရားပင်မဟုတ်တော့ ကုသိုလ်ပြန့်ပွားလိုက်သည့်အတွက် ခရေပန်းများပိုကောက်၍ ပိုသီသည်။ အမျိုးသမီးလေးကလည်း လှူချင်စိတ်ပြင်းပြသည် ထင်ပါသည်။ နေ့စဉ် မပျက်မကွက် ခရေပင်အောက်အရောက်လာ၍ ပန်းကုံးများလာယူသည်။ ထိုနေ့က သူခေါင်းမူးနေ၍ခရေပင်အောက်မရောက်ဖြစ်။ ချွေးမတိုက်သည့် ဆေးတစ်ခွက်သောက်၍ အိပ်ယာထက် လှဲလျောင်းနေသည်။

"ကြာဖြူရေ ကြာဖြူ"

သားဖြစ်သူ၏ ဇနီးချောခေါ်သံကြားရသည်။ သူက အသက်ပင်ကြီးသည်။ အကြားအာရုံမှာ အလွန်ထက်သည်။

"အဖေ ပန်းကောက်သွားတာလား"

"မသွားဘူး နေမကောင်းလို့ဆေးတိုက်ထားတာ အခုအိပ်ပျော်နေပြီ"

"ဩော် အေးအေး အဖေ့ကို ဂရုစိုက်ပါကွာ"

သားကြီးစကားကြောင့်သူဝမ်းသာပီတိဂွမ်းဆီထိရပြန်သည်။

"ကျွန်မက ဂရုစိုက်ပါတယ်။ ရှင့်အဖေက အနေအထိုင်မတတ်ဘူး"

ချွေးမဖြစ်သူ၏ ငြူစူစူစကားကြောင့် တဒင်္ဂအတွင်း အပျော်များ လွင့်ပျောက်သွားသည်။

"အဖေက ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ခရေပန်းတွေကောက်သီပြီး ဟိုဘက်တစ်လမ်းကျော်က မုဆိုးမကို ပိုးကြေးပမ်းကြေး ဆက်သနေလေရဲ့။ ရပ်ကွက်ထဲမှာ ရှင့်အဖေတို့သတင်းက ပုပ်ပွနေတာပဲ။ ကျွန်မကမပြောချင်လို့ ဒီပုံစံအတိုင်းဆို ရှင်အလုပ်ကိစ္စနဲ့ ခရီးသွားရင် ကျွန်မ အိမ်မှာမနေချင်ဘူး။ အမေ့အိမ် ခဏပြန်နေမယ်"

ကြားရသည့်စကား ငယ်ထိပ်မြွေပွေးပေါက်သကဲ့သို့ မျက်လုံးများပင် ပြာဝေသွားသည်။ ဘုရားစူး၊ မိုးကြိုးပစ်ပါစေ။ မည်သို့မျှ ထိုအမျိုးသမီးနှင့်ပတ်သက်ဆက်နွယ်မှုမရှိပါကြောင်း ကျိန်ဆိုရအောင်လည်း သူ့အသက်မှာ ခုနစ်ဆယ်ပင် လေးနှစ်စွန်းနေလေပြီ။ သားကြီးနှင့်ချွေးမ၏စကားများကို နားမထောင်လိုတော့ပြီ။ မျက်လုံးထောင့်စွန်းမှ မျက်ရည်များသည် မြင့်ရာမှနိမ့်ရာသို့ ပါးပြင်တစ်လျှောက် ပူနွေးစီးဆင်းသွားသည်။

**အခန်း(၆)**

"အဖေ နိုးပြီလား"

သားကြီးစကားကို ခေါင်းငြိမ့်ဖြေလိုက်သည်။

"သားကို အဖေ ပြောစရာရှိတယ်"

သူအရင်စမပြောလျှင်လည်း သားကြီးပြောမည့်စကားကို သူသိနေပြီ။ သူကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စိတ်အနှောင့်အယှက် မဖြစ်စေလိုတော့ပေ။

"အဖေ နေရာပြောင်းတော့မယ်ကွယ်"

အလိုက်တသိ ထွက်လာသော သူ့စကားကြောင့် သားကြီးက ခေါင်းငုံ့လိုက်သည်။

"အငယ်မအိမ်ကို သား ညနေလိုက်ပို့ပါမယ်"

သားနှင့်သမီး နှစ်အိမ်ရှိသည်။ သားဖြစ်သူအိမ် အဆင်မပြေလျှင် သမီးအိမ်၊ သမီးအိမ်အဆင်မပြေလျှင် သားအိမ် အလဲလဲနေရပေမည်။ သို့သော် သူခေါင်းခါလိုက်သည်။ မနေ့က မျက်ရည်တွေနှင့်အတူ သူဆုံးဖြတ်ချက် တစ်ခုချလိုက်ပြီလေ။ သမီးအိမ်တွင်နေစဉ်က အပျင်းပြေစာအုပ်ဖတ်ရင်း ရထားသည့်လိပ်စာလေး တစ်ခု သူ့မှာရှိသည်။

"သမီးအိမ်ကိုလည်း အဖေ မသွားတော့ဘူး။ အဖေ့နေရာ အဖေသိသွားပါပြီ"

အားယူလျက်ထိန်းချုပ်၍ ထွက်လာသောစကားများသည် အက်ကွဲသံပါနေသည်။ အခန်းထောင့်တွင် အဆင့်သင့်ထားထားသောအိတ်ကို ဆွဲယူလိုက်သည်။

"အဖေ သားလိုက်ပို့ပါမယ်"

သားကြီးက အိတ်ကိုလှမ်းဆွဲသော်လည်း သူ မလွှတ်ပေးပေ။

"မပို့နဲ့သား မပို့နဲ့...အဖေကိုယ်တိုင်သွားပါမယ် သားမပို့ပါနဲ့"

ရင်ထဲတွင် ဆောက်တည်ရာမရ ဝမ်းနည်းကြေကွဲသော်လည်း သူ့ခြေလှမ်းများတွင် ဦးတည်ချက်ရှိသည်။ လမ်းထဲမှ တက္ကစီကို လက်ဟန့်တားလိုက်သည်။

"....လမ်းထဲကို မောင်းပါ"

ညင်သာစွာမောင်းလာသောကားလေးကို လမ်းထိပ်တွင် ရပ်ခိုင်းလိုက်သည်။ ကတ္တရာလမ်းကျဉ်းလေး ဘေးနှစ်ဖက်တွင် စိန်ပန်းပင်တန်းများက ဆွေးဆွေးနီစွာပွင့်လျက်။

"အုန်းတင်ရေ မင်းတစ်ယောက်တော့ အေးချမ်းသွားပြီပေါ့ကွာ။ ငါလည်း ဒီအရိပ်မှာခေတ္တခိုဝင်ပြီးရင် မင်းလိုပဲ အေးချမ်းနိုင်ပြီ"

တစ်ဦးတည်း နှုတ်ကရေရွတ်လျက် တစ်လှမ်းချင်းလှမ်းလာသော ခြေလှမ်းများသည် "နားခိုရာ ဘိုးဘွားရိပ်သာ" လေးတွင် အဆုံးသတ်သွားပေသည်။ ။

## ပညာဘဏ်တိုက် စာကြည့်တိုက်

ပုံပြင်ရုပ်ပြ သတင်းစာ
ဆောင်းပါးစာကဗျာ။
ကျန်းမာရေးပါ မှတ်သားထိုက်
ကျေးရွာစာကြည့်တိုက်။
အချိန်ရှိခိုက် လူငယ်တွေ
စာဖတ်ကြစို့လေ။
ရသထွေထွေ ဉာဏ်တိုးပွား
စာအုပ်စာပေများ။
ကြိုးစားပြီးတော့ လေ့လာပါ
ဗဟုသုတဖြာ။
စာဖတ်တဲ့ခါ ဉာဏ်ရည်ဖြိုး
အသိပညာတိုး။
စာမျိုးစုံလင် ဖတ်မှတ်လျှင်
အကောင်းအဆိုးမြင်။
အားလပ်ချိန်တွင် စာအုပ်များ
ရှာဖွေဖတ်စို့လား။ ။

မင်းဝေအောင်(ရဲကျွန်း)

## လူ့ဘဝခဏ အလှဆင်ကြ

လူ့ဘဝရယ် မတည်မြဲ
ကြုံတွေ့ဆဲ ခဏပေ။
အသက်ရှင်စဉ် စိတ်ကောင်းမွေး
အေးချမ်းစွာနေ။
ချို့တဲ့သူများ ကူညီလေ
ကုသိုလ်တွေ အမြဲပြု။
စိတ်နှလုံးကို သန့်အောင်ထားလို့
ငြိမ်းသွားအမှု။
ကိုယ့်ဝန်းကျင် တိုးတက်ဖို့
ကြိုးစားစို့ များလူတွေ။
ကိုယ့်ထက်သာ မလိုမှုတို့
မပြုကာနေ။
အနိမ့်အမြင့်က ကြုံမှာပေ
သာသွားလေ ဝမ်းမြောက်ပေး။
ပျော်ရွှင်စွာ လက်တွဲထိုက်တဲ့
အသိုက်ဝန်းလေး။
နွေးထွေးစွာ အပြုံးပန်း
ပွင့်လန်းလို့ နှစ်လိုဖွယ်။
အပေါင်းဖော် ဆက်ဆံရေး
အလေးထားကွယ်။
မြင်တွေ့က အပြုံးဖလှယ်
အမုန်းဖယ် လက်ကိုတွဲ။
ပျော်မွေ့စွာ အများအကျိုးအတွက်
သယ်ပိုးအမြဲ။ ။

မြင့်မိုရ်လင်း(ချောင်းဆုံ)

ဆောင်းပါး

# ပြုစုပျိုးထောင်တတ်ပါစေ

## မောင်လွှား(ဝမ်းတွင်း)

တစ်နေ့က ရွာလယ်လမ်းမပေါ်တွင် ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် ကလေးတစ်ဦး အော်ဟစ်ငိုကြွေးကာ တရစပ်ဆဲဆိုနေသည်။ လမ်းသွားလမ်းလာ လူအများစုကလည်း "ဘယ်သူ့ကလေးတုန်းတအားတွေဆဲဆိုနေတာ" "ဒီကလေးလေး ရိုင်းလိုက်တာ ဘယ်သူ့သားလေးတုန်း"ဟုဆိုကာ အမျိုးမျိုးမှတ်ချက်ပြုပြောဆိုသွားကြသည်။ ထိုသို့သော အလားတူဖြစ်ရပ်မျိုးကို ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်တွင် မကြာခဏဆိုသလို တွေ့မြင်နေရသည်။ သည်နေရာတွင် "သားသမီးမကောင်း မိဘခေါင်း"ဟူသော စကားပုံတစ်ခုကို သတိရမိသည်။ မိဘအများစုသည် အရွယ်ရောက်လာသော မိမိတို့၏သားသမီးများ မလိမ္မာဘဲ ဆိုးသွမ်းကြသောအခါ "မင်းမလိမ္မာလို့ ငါတို့အပြစ်တင် အပြောဆိုခံနေရတာ။ သားသမီးမကောင်း မိဘခေါင်းတဲ့ကွ။ အဲဒါ မင်းမြဲမြဲမှတ်ထား"ဟုဆိုကာ သားသမီးများကို အပြစ်တင်ပြောဆို၍ ဆူပူအော်ငေါက်တတ်ကြသည်။ ကျွန်တော် စဉ်းစားတွေးတောမိသည်။ မိဘအများစုသည်လည်း မိမိတို့၏သားသမီးများကို ငယ်ရွယ်စဉ်အချိန်ကတည်းက လိမ္မာရေးခြားရှိအောင် စနစ်တကျ ပြုစုပျိုးထောင်ပါ၏လော။ ဂရုတစိုက် ပြောဆိုဆုံးမပါ၏လော။ ငယ်ရွယ်စဉ်ကတည်းက စနစ်တကျပျိုးထောင်ကာ ပြောဆိုဆုံးမခြင်းမပြုဘဲ သားသမီးများ အရွယ်ရောက်လာပြီး မလိမ္မာသောအခါမှ "မင်း မလိမ္မာလို့ ငါတို့အပြစ်တင် အပြောဆိုခံနေရတာ"ဟုပြောဆိုကာ အော်ငေါက်ခြင်းသည် ဖြစ်သင့်ပါ၏လောဟု စဉ်းစားတွေးတောမိပါသည်။

### လက်ဦးဆရာများပင်

မိဘများသည် သားသမီးများနှင့် ပထမဦးဆုံး ထိတွေ့ခွင့်ရသော လက်ဦးဆရာများပင် ဖြစ်ပါသည်။ ထိုလက်ဦးဆရာဖြစ်သော မိဘများကိုယ်တိုင်က သားသမီးများကို ပြုစုပျိုးထောင်တတ်ရန် အထူးလိုအပ်ပါသည်။ သို့သော် ကျွန်တော်တို့ပတ်ဝန်းကျင်တွင်ကား ထိုသို့မဟုတ်ပေ။ မိဘအများစုက သားသမီးများကို နားအေးရင်ပြီးရောဟုဆိုကာ အလိုလိုက် အကြိုက်ဆောင်ကြသည်။ သားသမီးဖြစ်သူက ပွဲလမ်းသဘင်များတွင် "အမေ သားဟိုအရုပ်လိုချင်တယ်။ ဒီအရုပ်လိုချင်တယ်" စသည်ဖြင့် နားပူနားဆာလုပ်ကာ ဝယ်ခိုင်းကြသည်။ မဝယ်ပေးလျှင် ငိုကြသည်။ ထိုအခါ မိဘများက "နားအေးရင်ပြီးရော"ဟုဆိုကာ ဝယ်ပေးကြသည်။ ထိုသို့ဖြင့် မိဘများအမြင်တွင် နားအေးအောင်လို့ဟုဆိုကာ ဝယ်ပေးကြသော်လည်း သားသမီးများ၏စိတ်ထဲတွင်မူ "ပူဆာရင် ရပါတယ်။ မဝယ်ပေးရင် ငိုလိုက်မှာပေါ့။ ငိုလိုက်ရင် လိုချင်တာရတယ်"ဟူသော အတွေးများ ဝင်ရောက်လာကြသည်။

တချို့သော မိဘများကမူ မဝယ်ပေးကြပေ။ သားသမီးဖြစ်သူက ငိုယိုဂျီကျသောအခါတွင်လည်း ရိုက်နှက်ဆုံးမကြသည်။ ထိုသို့ပြုလုပ်ခြင်းသည်လည်း သားသမီးများကို အကြောက်တရားများဖြင့် ချုပ်ကိုင်ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ရိုက်နှက်ဆုံးမခြင်းများ မပြုလုပ်သင့်ပေ။ နားလည်အောင်ပြောဆို ဆုံးမခြင်း၊ ချော့မြှူ၍ ပြောဆိုဆုံးမခြင်းများဖြင့် ပြောဆိုဆုံးမတတ်ရန် အထူးလိုအပ်ပါသည်။

ထိုကဲ့သို့ပင် သားသမီးဖြစ်သူက "အမေ သားဒီနေ့ ကျောင်းမသွားချင်ဘူး"ဟု ပြောသောအခါမျိုးတွင် မိဘဖြစ်သူက "တစ်ရက်တလေပဲ မသွားချင်ရင် မသွားနဲ့"ဟုဆိုကာ ခွင့်ပြုပေးကြသည်။ ထိုသို့ မိဘ၏စိတ်ထဲတွင် တစ်ရက်တလေပဲဟု တွေးသော်လည်း သားသမီးများ၏ စိတ်ထဲတွင်မူ "ငါမသွားလည်း မသွားချင်ဘူးလို့ ပြောလိုက်ရင် ရနေတာပဲ"ဟု တွေးထင်ကာ အပျင်းစိတ်များ ဝင်ရောက်လာကြသည်။ နောက်နေ့များတွင်လည်း ကျောင်းတက်ရောက်ရမည်ကို "ငါမသွားဘဲနေလည်း ရပါတယ်" ဟူသော အတွေးကြောင့် ပျင်းရိလာကြသည်။ မိဘဖြစ်သူက ဇွတ်အတင်းသွားခိုင်းလျှင် ငိုယို၍ဂျီကျကြသည်။ ထိုအခါ မိဘဖြစ်သူများက ဒေါသအလျောက် ရိုက်နှက်ဆုံးမကြသည်။ ထို့ပြင် သားသမီးဖြစ်သူက ကျောင်းသွားခါနီးတွင်ဖြစ်စေ၊ အိပ်ရာနိုးလာသည့်အချိန်၌ဖြစ်စေ မိဘဖြစ်သူက အိမ်တွင် အဆင်သင့်ရှိသောမုန့်ကို ကျွေးလေသည်။ သို့သော် သားသမီးဖြစ်သူက "ဒီမုန့်ကို မစားချင်ဘူး။ မကြိုက်ဘူး။ ဟိုမုန့်စားချင်တာ။ ဖုန်းကြည့်ချင်တာ"ဟု ဆိုကာ စသည်ဖြင့် ဂျီကျငိုယိုကြသည်။ ထိုအခါ မိဘဖြစ်သူက "နားအေးရင်ပြီးရော"ဟုဆိုကာ သားသမီးစားချင်သောမုန့်ကို ဝယ်ကျွေးကြသည်။ သားသမီးကြည့်ချင်သောဖုန်းကို ပေးပြကြလေသည်။ ထိုသို့ "နားအေးရင်ပြီးရော"ဟုဆိုကာ သားသမီးဖြစ်သူ စားချင်သောအရာ၊ ကြည့်ချင်သောဖုန်းကို အလိုလိုက်အကြိုက်ဆောင်ပေးခြင်းသည် ထိုခဏအတွင်းတွင် နားအေးသွားလိမ့်မည်။ သို့သော်သားသမီးများ၏စိတ်ထဲတွင်မူ "ဂျီကျငိုယိုလိုက်ရင် စားချင်တာ စားလို့ရတယ်။ ကြည့်ချင်တာ ကြည့်လို့ရတယ်။ ဖြစ်ချင်ရာ ပြောလို့ရတယ်"ဟူသော အကျင့်ပျက်အတွေးများ ဝင်ရောက်လာကြသည်။

သည်နေရာတွင် ဖတ်မှတ်ဖူးသော ပြင်သစ်စစ်ဗိုလ်ချုပ် နပိုလီယံ၏ "ပညာတတ်မိခင်တွေပဲ ကျုပ်ကိုပေးပါ။ ဖွံ့ဖြိုးတိုးတက်ပြီး ပညာတတ်တွေနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံတစ်ခုကို ကျုပ်ကပြန်ပေးပါမယ်"ဟူသော အဆိုအမိန့်တစ်ခုကို သတိရမိသည်။ ထိုအဆိုအမိန့်ကို ထောက်ရှုခြင်းဖြင့် မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မိဘများအပေါ်တွင် မှီတည်နေသည်။ တိုင်းပြည်တစ်ပြည်၏ အနာဂတ်သည် လူငယ်များ၏ လက်ထဲတွင်ရှိသည်ဟု ဆိုကြသည်။ ထိုသို့ဆိုလျှင် မိဘများက ထိုလူငယ်များကို စနစ်တကျပြုစုပျိုးထောင်တတ်ရန် အထူးလိုအပ်ပါသည်။ ထိုသို့ ပြုစုပျိုးထောင်တတ်ရန်မှာ မိဘများ ပညာတတ်ရန်လိုသည်။ ပညာဆိုသည်မှာ အတန်းပညာ၊ ဘွဲ့၊ ဒီဂရီများကို ဆိုလိုခြင်းမဟုတ်။ အကောင်းအဆိုး၊ အကြောင်းအကျိုးနှင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်သော အသိဉာဏ်ပညာပင်ဖြစ်ပါသည်။ သည်နေရာတွင် ဖတ်မှတ်ဖူးသော "အသိဉာဏ်ပညာအရည်အချင်းရှိသော မိဘများသည် လူမှုပတ်ဝန်းကျင်အတွက် အဖိုးတန်သော သားသမီးများကို စနစ်တကျ ပြုစုပျိုးထောင်ပေးခြင်းဖြင့် လောကကြီးကို အကျိုးပြုနေတယ်"ဟူသော စာတိုလေးကို သတိရမိသည်။ တချို့သောမိဘများကမူ "ကျောင်းကဆရာဆရာမတွေက သင်ကြားပေးနေတာပဲ"ဟုဆိုကာ သားသမီးများကို ပေါ့ပျက်ပျက်သဘောထားကြသည်။ ထိုသို့ ကျောင်းတွင် မည်မျှပင်သင်သော်လည်း အိမ်တွင် မိဘဖြစ်သူက စနစ်တကျ မပြုစုမပျိုးထောင်တတ်လျှင် သားသမီးဖြစ်သူများ ဖွံ့ဖြိုးတိုးတက်လာမည်မဟုတ်ပေ။ ထို့ကြောင့် မိဘများသည် မိမိတို့၏သားသမီးများကို ပြုစုပျိုးတောင်တတ်ရန် ကလေးပြုစုပျိုးထောင်ရေးစာပေများ ဖတ်မှတ်ခြင်း၊ သားသမီးများနှင့် ပတ်သက်သော ပညာပေးဇာတ်လမ်းများကြည့်ရှုကာ ကောင်းသောအရာများကို အတုယူမှတ်သား၍ လိုက်နာလုပ်ဆောင်ကြရမည်။

အချုပ်ဆိုရပါမူ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တိုင်းပြည်တစ်ပြည်၏ အနာဂတ်ဟာ လူငယ်များ၏ လက်ထဲတွင်ရှိသည်ဟုဆိုလျှင် ထိုလူငယ်များကို ငယ်ရွယ်စဉ်ကတည်းက စနစ်တကျပြုစုပျိုးထောင်ကာ အခြေခံအုတ်မြစ်ကောင်းများချနိုင်ရန် မိဘများအပေါ်တွင် မှီတည်နေသည်။ တစ်နည်းအားဖြင့် ဆိုရလျှင်မူ မိဘများသည် တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကောင်းမွန်လာစေရန် သွယ်ဝိုက်၍ အကျိုးပြုနေကြသူများဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် မိဘများသည် မိမိတို့၏သားသမီးများကို နည်းလမ်းမှန်ကန်စွာ စနစ်တကျ ပြုစုပျိုးထောင်တတ်ရန် ကြိုးစား၍ ပြုလုပ်သင့်ပါကြောင်း မေတ္တာရှေ့ထား၍ အကြံပြုရေးသားလိုက်ပါသည်။ ။

> **"ပြင်သစ်စစ်ဗိုလ်ချုပ် နပိုလီယံ၏ "ပညာတတ်မိခင်တွေပဲ ကျုပ်ကိုပေးပါ။ ဖွံ့ဖြိုးတိုးတက်ပြီး ပညာတတ်တွေနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံတစ်ခုကို ကျုပ်ကပြန်ပေးပါမယ်"ဟူသော အဆိုအမိန့်တစ်ခုကို သတိရမိသည်။ ထိုအဆိုအမိန့်ကို ထောက်ရှုခြင်းဖြင့် မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မိဘများအပေါ်တွင် မှီတည်နေသည်။ တိုင်းပြည်တစ်ပြည်၏ အနာဂတ်သည် လူငယ်များ၏ လက်ထဲတွင်ရှိသည်ဟု ဆိုကြသည်။ ထိုသို့ဆိုလျှင် မိဘများက ထိုလူငယ်တွေကို စနစ်တကျ ပြုစုပျိုးထောင်တတ်ရန် အထူးလိုအပ်"**

## ဆောင်းလရာသီ အတွေးပန်းချီ

မိုးနှောင်းကုန်လို့ ဆောင်းဝင်စ
ငွေနှင်းပုလဲကျ၊
အေးမြလှတဲ့ ရာသီမှာ
ရင်ထဲပီတိဖြာ။
ကျေးငှက်သံသာ နားဝင်အေး
ကြည်နူးဖွယ်ရာတေး၊
မြူနှင်းဖွေးဖွေး ကမ္ဘာမြေ
မှိုင်းပြာမှုန်ရီဝေ။
မြိုင်ဟေဝန်မှာ သာပုံဆန်း
ပန်းမျိုးစုံပွင့်လန်း။
နေခြည်နွေးက ပက်ဖျန်းနေ
သင်းပျံ့ကြိုင်လှိုင်ဝေ။
လူသားတွေရဲ့ နှလုံးသား
ပိုပြီးအေးချမ်းသွား၊
ရွှေဝါစပါး ဝင်းမှည့်လျှင်
ရိတ်ကြလယ်တစ်ခွင်။
ပြောစည်သံလွင် လှုနိုင်ရေး
စိတ်ဝယ်အမြဲတွေး၊
အပျိုလေးတို့ ကေသာမှာ
ရနံ့မွှေးကြိုင်စွာ။
မြောက်ပြန်လေလာ ဟေမန်ဦး
သဇင်ပန်းပွင့်ဖူး။
ကျေးငှက်တွေကမြူး။ ။

ခင်နွဲ့မူ(ပုလဲ)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၅၉၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၃၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၄၀,၂၄၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၈,၃၂၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၂,၃၀၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၀) ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံတစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှု မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင် ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ် ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေး များကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်း အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၈၁၄၀၀၃ | ၉၆၀၅၅၅၃၄ | ၁၀၉၀၂၈၉ |
| ၂။ | အိန္ဒိယ | ၄၄၆၂၆၄၂၇ | ၄၄၀၇၀၉၃၅ | ၅၂၈၈၇၄ |
| ၃။ | ပြင်သစ် | ၃၆၁၆၁၂၄၀ | ၃၄၉၆၉၈၆၅ | ၁၅၅၈၁၆ |
| ၄။ | ဘရာဇီး | ၃၄၇၈၈၅၀၀ | ၃၃၉၅၃၄၃၃ | ၆၈၇၁၈၆ |
| ၅။ | ဂျာမနီ | ၃၄၆၀၈၈၃၅ | ၃၂၈၇၇၄၀၀ | ၁၅၁၄၂၀ |
| ၆။ | တောင်ကိုရီးယား | ၂၅၀၉၈၉၉၆ | ၂၄၆၄၄၈၈၀ | ၂၈၈၀၈ |
| ၇။ | ဗြိတိန် | ၂၃၇၈၉၇၉၃ | ၂၃၄၁၀၄၇၂ | ၁၉၁၆၈၁ |
| ၈။ | အီတလီ | ၂၃၀၃၀၇၇၇ | ၂၂၃၁၀၁၂၈ | ၁၇၇၈၈၃ |
| ၉။ | ဂျပန် | ၂၁၇၂၇၉၃၃ | ၂၀၄၄၈၉၉၈ | ၄၅၈၂၃ |
| ၁၀။ | ရုရှား | ၂၁၂၉၂၂၀၀ | ၂၀၅၈၅၄၀၄ | ၃၈၈၈၀၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၉၂၂၇၃ | ၁၀၅၉၈၇၃၃ | ၄၃၁၅၅ |
| ၂။ | အင်ဒိုနီးရှား | ၆၄၅၅၅၄၂ | ၆၂၇၉၉၈၀ | ၁၅၈၃၀၁ |
| ၃။ | မလေးရှား | ၄၈၆၃၄၅၇ | ၄၈၀၂၀၁၂ | ၃၆၄၁၅ |
| ၄။ | ထိုင်း | ၄၆၈၅၀၄၇ | ၄၆၄၇၂၇၅ | ၃၂၈၂၉ |
| ၅။ | ဖိလစ်ပိုင် | ၃၉၈၀၆၂၉ | ၃၈၉၀၇၄၈ | ၆၃၄၇၇ |
| ၆။ | စင်ကာပူ | ၁၉၉၇၈၄၇ | ၁၈၉၆၅၉၃ | ၁၆၄၁ |
| ၇။ | မြန်မာ | ၆၂၈၃၂၂ | ၆၀၂၃၀၆ | ၁၉၄၇၀ |
| ၈။ | ဘရူနိုင်း | ၂၃၁၈၃၃ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၀၈၈ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၆၃ | ၁၃၄၈၃၄ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက် ပေးလျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ကုမ္ပဏီငါးခု ယာဉ်စီးရေ ၁၀ စီးဖြင့် နှာခေါင်းစည်း ၆၉ ဒသမ ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ် သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိ စေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ် တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ ဂုဏ်ပြုဆောင်းပါး

# သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်မှု

မျိုးငြိမ်းငယ်

အောက်တိုဘာ ၁၃ ရက်ဟာ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction – 2022) ဖြစ်ပါတယ်။




သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချတဲ့ အလေ့အထတစ်ရပ် ကမ္ဘာတစ်ဝန်းကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာဖို့အတွက် ကုလသမဂ္ဂက အောက်တိုဘာ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အတွက် ဆောင်ပုဒ်ကတော့ “Early Warning and Early Action for All” “ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက်အားလုံးအတွက်” ဖြစ်ပါတယ်။

ဒီလိုကျင်းပတဲ့အတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေး ဆန်ဒိုင်းမူဘောင် ၂၀၁၅– ၂၀၃၀ (Sendai Framework for Disaster Risk Reduc–tion 2015–2030) နဲ့အညီ သဘာဝဘေးအန္တရာယ်လျှော့ချရေးအပြင် အသက်အန္တရာယ်တွေ၊ စားဝတ်နေရေးနဲ့ ကျန်းမာရေးဆိုင်ရာ ဆုံးရှုံးရတာတွေ လျှော့ချလုပ်ဆောင် ရာမှာ တိုးတက်မှုတွေကို အားလုံးသိရှိနားလည်နိုင်တဲ့ အခွင့်အလမ်းတစ်ရပ်ရရှိစေမှာဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်လျှော့ချရေး ဆန်ဒိုင်းမူဘောင် ၂၀၁၅–၂၀၃၀ ကို ၂၀၁၅ ခုနှစ် မတ်လ ၁၈ ရက်နေ့က ဂျပန် နိုင်ငံမှာကျင်းပခဲ့တဲ့ တတိယအကြိမ်မြောက် ကုလသမဂ္ဂဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ညီလာခံကနေ ချမှတ်ခဲ့တာဖြစ်ပါတယ်။

**သဘာဝဘေးအန္တရာယ် လျှော့ပါးရေး**

အရင်တုန်းကတော့ သဘာဝဘေးအန္တရာယ်တွေကို ကိုင်တွယ်ဖြေရှင်းရာမှာ အရေးပေါ်တုံ့ပြန်မှုကိုပဲ အဓိကထား လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀ ရာစု အကုန်မှာတော့ သဘာဝဘေးအန္တရာယ်၊ ပြင်းထန်တဲ့ရာသီဥတုဒဏ်ခံရတာတွေနဲ့ ထိခိုက်ခံရနိုင်ခြေရှိတဲ့အခြေအနေတွေကို လျှော့ချခြင်းနဲ့ စီမံခန့်ခွဲခြင်းကို ဦးစားပေးလုပ်ဆောင်လာခဲ့ပြီး အဲဒီလုပ်ဆောင်လာတဲ့အတွက် ဘေးအန္တရာယ်တွေရဲ့ အကျိုးဆက်တွေကို လျှော့ပါးစေတဲ့အပြင် ဆုံးရှုံးမှုတွေကို ကာကွယ်နိုင်တယ်ဆိုတာ ပိုပြီးအသိအမှတ်ပြုလာခဲ့ပါတယ်။

သဘာဝဘေးအန္တရာယ်ဖြစ်စေတဲ့ အကြောင်းရင်းတွေထဲမှာဆိုရင် အထူးသဖြင့် စီးပွားရေးနိမ့်ကျမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်ဆုံးဖြတ်မှုနဲ့ အကောင်အထည်ဖော်မှု၊ သဘာဝပတ်ဝန်းကျင် အရည်အသွေးကျဆင်းမှု၊ ဆင်းရဲမွဲတေမှုနဲ့ ရာသီဥတုပြောင်းလဲမှုစတာတွေပါဝင်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်တွေ၊ ပြင်းထန်တဲ့ရာသီဥတုဒဏ်ခံရတာတွေနဲ့ ထိခိုက်ခံရနိုင်ခြေရှိတဲ့အခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်။

သဘာဝဘေးအန္တရာယ်ဖြစ်စေတဲ့ ဒီအကြောင်းရင်းတွေကို ကိုင်တွယ်ဖြေရှင်းမယ်ဆိုရင် ဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်မှုတွေကို လျှော့ကျစေပြီး ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်လာတဲ့ ထိခိုက်ဆုံးရှုံးတာတွေကို လျှော့ပါးစေပါတယ်။ အဲဒီလို ထိခိုက်ဆုံးရှုံးမှုတွေ လျှော့နည်းလာတဲ့အတွက် အကျိုးဆက်ကတော့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပါတယ်။

**ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အစိတ်အပိုင်းတစ်ရပ်**

သဘာဝဘေးအန္တရာယ်ထိခိုက်မှုလျှော့ပါးရေးဟာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး လူမှုအဖွဲ့အစည်း၊ အစိုးရ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ ပရော်ဖက်ရှင်နယ်နဲ့ ပုဂ္ဂလိကကဏ္ဍရဲ့ အစိတ်အပိုင်းတိုင်းမှာ ပါဝင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် သဘာဝဘေးအန္တရာယ်ထိခိုက်မှုလျှော့ပါးရေးဟာ ပုံစံအမျိုးမျိုးနဲ့ဖြစ်လာနိုင်တဲ့ ဘေးအန္တရာယ်တွေကို ခံနိုင်ရည်ရှိအောင် တည်ဆောက်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းနဲ့ ကြိုတင်ပြင်ဆင်ခြင်း အလေ့အထတစ်ရပ်ရရှိစေပြီး ပြည်သူဗဟိုပြုနဲ့ ကဏ္ဍပေါင်းစုံချဉ်းကပ်မှုနည်းလမ်းတွေ လိုအပ်ပါတယ်။ သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျှော့ပါးရေးမှာ ဖော်ပြပါ မဟာဗျူဟာဒီဇိုင်းတွေ ပါဝင်ပါတယ်–

(က) ထပ်ပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်တဲ့ ဆောက်လုပ်မှုတွေကို ရှောင်ရှားခြင်း၊
(ခ) ရှိနေဆဲဘေးအန္တရာယ်တွေကို ကိုင်တွယ်ဖြေရှင်းခြင်း၊
(ဂ) သဘာဝဘေးအန္တရာယ်ကြောင့် အခြားဖွံ့ဖြိုးတိုးတက်မှုတွေကို ထိခိုက်စေပြီး ဆင်းရဲမွဲတေမှုနက်ရှိုင်းစေတဲ့ ဆုံးရှုံးမှုတွေကို ကာကွယ်ဖို့အတွက် စိန်ခေါ်မှုတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေခြင်း။

ကမ္ဘာ့နေရာအနှံ့အပြားမှာ သဘာဝဘေးအန္တရာယ်ထိခိုက်မှုတွေကြောင့် ထိခိုက်မှုတွေ၊ ပျက်စီးမှုတွေနဲ့ ဆုံးရှုံးမှုတွေ ခံစားနေကြရပါတယ်။ ဒီလိုဆုံးရှုံးပျက်စီးမှုတွေရဲ့ အကျိုးဆက်တွေက ဖွံ့ဖြိုးတိုးတက်မှုတွေကို နှောင့်နှေးစေလျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုတွေနဲ့ပတ်သက်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အသက်တွေနဲ့ ဘဝရပ်တည်မှုတွေကို ကာကွယ်ဖို့အတွက် ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်တဲ့ ထိခိုက်မှု၊ ဆုံးရှုံးမှုတွေကို ကြံ့ကြံ့ခံနိုင်အောင် လုပ်ဆောင်ရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါ့အပြင် ဆင်းရဲနွမ်းပါးမှုနဲ့ အငတ်ဘေးအန္တရာယ်တွေ အမြစ်ဖြတ်ဖို့နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက်လည်း အရေးအကြီးဆုံးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**စိန်ခေါ်မှုများ**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုတွေဟာ ကိုဗစ်–၁၉ ကပ်ရောဂါ မဖြစ်ခင်ကတည်းက ကမ္ဘာတစ်ဝန်းမြင့်တက်နေပါတယ်။ လတ်တလော ငါးနှစ်အတွင်း ဘေးအန္တရာယ်ကြောင့် လူသေဆုံးမှု ဒါမှမဟုတ် ထိခိုက်ခံစားရမှုက ဟိုးအရင် ငါးနှစ်ကထက် ပိုများလာပါတယ်။ ကြီးမားကျယ်ပြန့်တဲ့ သဘာဝဘေးအန္တရာယ်တွေဟာ မကြုံစဖူးနှုန်းနဲ့ မြင့်မားလာနေပါတယ်။ လူတွေရဲ့ ပြုမူလုပ်ဆောင်တာတွေက ပိုပြီးကြီးမားတာတွေ ဖန်တီးနေသလို အန္တရာယ်လည်း ပိုများလာပါတယ်။ သဘာဝဘေးအန္တရာယ်တွေက လူ့အဖွဲ့အစည်းတွေနဲ့ ကမ္ဘာ့စနစ်တစ်ခုလုံးအပေါ်ကို ပုံစံအမျိုးမျိုးနဲ့ အကျိုးသက်ရောက်မှုမြင့်မားလာစေလျက်ရှိပါတယ်။

လူဦးရေပိုမိုတိုးပွားလာပြီး အပြန်အလှန်ချိတ်ဆက်မှုများပြားလာတဲ့ ဒီကနေ့ ကမ္ဘာကြီးမှာ ကိုဗစ်–၁၉ ကပ်ရောဂါနဲ့ ရာသီဥတုပြောင်းလဲမှုတွေကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကျိုးဆက်တွေကလည်း နယ်မြေဒေသအသီးသီးနဲ့ ကဏ္ဍအသီးသီးကို ထိခိုက်စေလျက်ရှိပါတယ်။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်တဲ့ လုပ်ဆောင်မှုအသစ်တွေက ဘေးအန္တရာယ်လျှော့ချဖို့ လုပ်ဆောင်တာတွေထက် ပိုများနေပါတယ်။

ဆင်းရဲမွဲတေမှုနဲ့ မညီမျှမှုတွေလို စိန်ခေါ်မှုတွေကြောင့်ဖြစ်လာတဲ့ ဘေးအန္တရာယ်တွေ၊ စီးပွားရေးဆုံးရှုံးမှုတွေနဲ့ ရှိရင်းစွဲ အားနည်းချက်တွေဟာ ဂေဟစနစ်တွေနဲ့ ဇီဝနယ်ပယ်တွေကို ပိုပြီးပျက်စီးစေမယ့် အခြေအနေဆီ ရောက်စေပါတယ်။ ကမ္ဘာ့စနစ်တွေဟာ အပြန်အလှန်ချိတ်ဆက်မှု ပိုများလာတာကြောင့် မသေချာ မရေရာမှုတွေနဲ့အတူ ထိခိုက်နိုင်ခြေလည်း ပိုများလာနေပါတယ်။ ကမ္ဘာ့စနစ်ဆိုတဲ့အထဲမှာဆိုရင် ဂေဟစနစ်တွေ၊ အစားအစာစနစ်တွေ၊ ထောက်ပံ့ရေးကွင်းဆက်တွေ၊ စီးပွားရေးတွေနဲ့ လူမှုဝန်ဆောင်မှုစနစ်တွေ ပါဝင်ပါတယ်။

> **သဘာဝဘေးအန္တရာယ်ဖြစ်စေတဲ့ အကြောင်းရင်းတွေထဲမှာဆိုရင် အထူးသဖြင့် စီးပွားရေးနိမ့်ကျမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်ဆုံးဖြတ်မှုနဲ့ အကောင်အထည်ဖော်မှု၊ သဘာဝပတ်ဝန်းကျင် အရည်အသွေးကျဆင်းမှု၊ ဆင်းရဲမွဲတေမှုနဲ့ ရာသီဥတုပြောင်းလဲမှုစတာတွေပါဝင်ပါတယ်။ သဘာဝဘေးအန္တရာယ်ဖြစ်စေတဲ့ ဒီအကြောင်းရင်းတွေကို ကိုင်တွယ်ဖြေရှင်းမယ်ဆိုရင် ဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်မှုတွေကို လျှော့ကျစေပြီး ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်လာတဲ့ ထိခိုက်ဆုံးရှုံးတာတွေကို လျှော့ပါးစေပါတယ်။ အဲဒီလို ထိခိုက်ဆုံးရှုံးမှုတွေ လျှော့နည်းလာတဲ့အတွက် အကျိုးဆက်ကတော့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်**

လတ်တလော သဘာဝဘေးအန္တရာယ် ကြီးကြီးမားမားအနေနဲ့ ထောက်ပံ့မှုစနစ်ကိုပျက်စီးစေတဲ့ ရာသီဥတုဆိုင်ရာအဖြစ်အပျက်တွေနဲ့ ကိုဗစ်–၁၉ ကပ်ရောဂါတို့ ဖြစ်ပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုလိုပဲ ကိုဗစ်–၁၉ ကြောင့်ဖြစ်တဲ့ အကျိုးဆက်တွေကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ဆင်းရဲမွဲတေမှု၊ ဝင်ငွေစတဲ့ ကဏ္ဍအသီးသီးကို တိုက်ရိုက်ထိခိုက်တာတွေရော သွယ်ဝိုက်ထိခိုက်တာတွေပါ ဒီကနေ့အထိ ခံစားနေကြရတာကို တွေ့နိုင်ပါတယ်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုရင် လူသားတို့ရဲ့ ပယောဂကြောင့် လူသားတို့ရဲ့ ရေရှည်ရှင်သန်ရပ်တည်ရေးကိုပါ ခြိမ်းခြောက်မှုတွေ ခံနေရပါပြီ။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်လာတဲ့ စိန်ခေါ်မှုတွေက တစ်နှစ်ထက်တစ်နှစ် ပိုတိုးလာနေပါတယ်။ တဖြည်းဖြည်း မြင့်တက်လာနေတဲ့ ရာသီဥတုပြောင်းလဲလာမှုနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးစေမှုတွေက လူသားတို့အတွက် သဘာဝဘေးအန္တရာယ်တွေကို ပိုတိုးလာစေပါတယ်။ လူသားတို့က ကြိုးပမ်းနေတဲ့ သဘာဝဘေးအန္တရာယ် လျှော့ပါးရေးလုပ်ဆောင်မှုတွေက တိုးမြင့်လာတဲ့ သဘာဝဘေးအန္တရာယ်တွေထက် ပိုနည်းပါးပြီး နောက်ကျနေတယ်လို့ ဆိုနိုင်ပါတယ်။

**ကြိုတင်ပြင်ဆင်မှု**

အချို့သော သဘာဝဘေးအန္တရာယ်တွေဟာ တားဆီးလို့မရနိုင်ပေမယ့် အဲဒီဘေးအန္တရာယ်ကြောင့်ဖြစ်လာတဲ့ ထိခိုက်ဆုံးရှုံးမှုနဲ့ အကျိုးဆက်တွေကိုတော့ လျှော့ပါးအောင်လုပ်လို့ရပါတယ်။ အဲဒါကတော့ ကြိုတင်ပြင်ဆင်ခြင်းနဲ့ ကာကွယ်ခြင်း ဖြစ်ပါတယ်။ အကယ်၍ နိုင်ငံတစ်နိုင်ငံဟာ သဘာဝဘေးအန္တရာယ်ကို လျစ်လျူရှုပြီး ဘေးအန္တရာယ်ဖြစ်စေခဲ့မယ်ဆိုရင် ဒါဟာ နိုင်ငံရဲ့ အနာဂတ်လူမှုရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ထိခိုက်စေပါလိမ့်မယ်။ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံဟာ သဘာဝဘေးအန္တရာယ်လျှော့ပါးရေးကို ထိထိရောက်ရောက် လုပ်ဆောင်မယ်ဆိုရင် အချိန်ကြာလာတာနဲ့အမျှ သဘာဝဘေးအန္တရာယ်ကြောင့် ကြုံတွေ့နိုင်တဲ့ဆုံးရှုံးမှုတွေကို လျှော့ချနိုင်မှာဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ အရင်းမြစ်တွေကို ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုတွေကို လျှော့ပါးစေဖို့အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ထားဖို့ဟာ အရေးကြီး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်ထားဖို့လိုအပ်တဲ့ စီမံခန့်ခွဲမှုဆိုင်ရာ အချက်တွေထဲမှာဆိုရင်–

(က) **ကြိုတင်ကာကွယ်ခြင်း။** ကြုံတွေ့နေရဆဲ ဘေးအန္တရာယ်နဲ့ အခြားဖြစ်လာနိုင်တဲ့ ဘေးအန္တရာယ်တွေကို ရှောင်ရှားနိုင်ဖို့အတွက် လုပ်ဆောင်ရမယ့် အစီအမံတွေ (ကယ်ဆယ်ရေးနဲ့ တုံ့ပြန်ဆောင်ရွက်မှုထက် ကုန်ကျစရိတ်ပိုပြီးသက်သာ။)
(ခ) **ဘေးအန္တရာယ်လျှော့ပါးရေး။** ဘေးအန္တရာယ်တွေနဲ့ အခြားဆက်စပ်တဲ့ အန္တရာယ်တွေရဲ့ ဆိုးကျိုးတွေကို လျှော့ချခြင်း ဒါမှမဟုတ် အကန့်အသတ်ဖြစ်စေခြင်း၊

စာမျက်နှာ ၂၄ သို့ ⁕

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်း ဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း လျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ သီရိမင်္ဂလာကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံ မြို့နယ်ရှိ မြိုင်သဇင်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသ ကြီး ပဲခူးမြို့နယ်ရှိ ဥဿာသီရိပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မလောက ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မဟာဗောဓိ ဗုဒ္ဓဂယာကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ အောင်မော်စံပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့ နယ်ရှိ ကန်ဦးကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များ ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ၄က်သိုက်တောရကျောင်းတိုက်၊ မကွေးတိုင်းဒေသ ကြီး မကွေးမြို့နယ်ရှိ ပြည်တော်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အောင်မြေရွှေဘုံကျောင်းတိုက်နှင့် အောင်မြေသာစံ မြို့နယ်ရှိ မဟာသန္တာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ငါးကျမ်းပြန် ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တောင်ကျောင်းကြီးကျောင်းတိုက်တို့သို့ ဆန်ကြာဆံ များကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များ အတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရေဘေးကင်းလွတ် နိမ္မိတာရုံသုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တော်တင်

**ညောင်လေးပင် အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာရှိ သာသနဝေပုလ္လကျောင်းတိုက်အတွင်းတွင် တည်ဆောက်မည့် ရေဘေးကင်းလွတ်သည့် နိမ္မိတာရုံ သုံးထပ်ကျောင်းဆောင်သစ် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၇ နာရီက အဆိုပါကျောင်းတိုက်အတွင်း အသစ်ဆောက် လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဒေါက်မြို့ပန်းငွေရုံတောရပရိယတ္တိစာသင်တိုက် ၏ ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဆရာတော်နှင့် တာဝန်ရှိသူများက ပန္နက်တော်တင်ပေးကြသည်။

ယခုဆောက်လုပ်မည့် ကျောင်းဆောင်သစ်သည် နှစ်စဉ် ရေကြီးနစ်မြုပ်သည့်ဘေးမှ ကင်းလွတ်ရန်ဖြစ်ပြီး ကျောင်းဆောင်သစ်တွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ အထင်ကရဆရာတော်ကြီးများ၏ ပြခန်းများ၊ မဒေါက်မြို့ သောင်ကြီးကျေးရွာဒေသရှိ ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးလုပ်ငန်းများ ဘက်စုံသုံးရန်နှင့် ဝါတွင်းဝါပ ယောဂီများ တရားစခန်းဝင်နိုင်ရန်တို့အတွက် ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်ပြီး အလှူ ငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **နေလင်း**

## ကျိုက်လတ်မြို့ရှိ ၁၆ - ဖြတ်လမ်းနှင့် အောက်ရွာလေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ကျိုက်လတ် အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ် မြို့ရှိ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်အတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။

ကျိုက်လတ်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်သည့် ငွေလုံးငွေရင်း လုပ်ငန်း Lot-1 ပါ အမှတ်(၂)ရပ်ကွက်ရှိ အောက်ရွာလေးလမ်း (သဇင်လမ်းမှ ကန်တော်ကြီးလမ်းအထိ) အလျား ၈၄၃ ပေ၊ အကျယ် ၁၅ ပေနှင့် ဒု ခြောက်လက်မ ရှိလမ်းအား တင်ဒါအောင်မြင်သည့် နွေဦးခင်ကုမ္ပဏီမှ ငွေကျပ် ၂၅ ဒသမ ၀၅ သန်းဖြင့် လည်းကောင်း၊ Lot-3 ပါ အမှတ်(၅)ရပ်ကွက်၊ ၁၆ ဖြတ်လမ်းအလျား ပေ ၁၅၀၀၊ အကျယ် ၁၀ ပေနှင့် ဒု ခြောက် လက်မရှိလမ်းအား တင်ဒါအောင်မြင်သည့် သော်မြန်မာကုမ္ပဏီက ငွေကျပ် ၃၃ ဒသမ ၆၉၅၅၈ သန်းဖြင့် လည်းကောင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကွင်းဆင်းစစ်ဆေး မှာကြားခဲ့ ကြောင်း သိရသည်။ **၂၀၇**



※ စာမျက်နှာ ၂၃ မှ

(ဂ) **လွှဲပြောင်းခြင်း။** ဥပမာ-အသက်အာမခံ၊
(ဃ) **ကြိုတင်ပြင်ဆင်ခြင်း။** ဥပမာ - ကြိုတင် သတိပေးစနစ်တွေ ထူထောင်ခြင်း၊ ကယ်ဆယ်ရေး လမ်းကြောင်းတွေနဲ့ အရေးပေါ်ထောက်ပံ့ရေးတွေ ပြင်ဆင်ခြင်း၊ အသိပညာပေးခြင်း၊ စွမ်းရည်မြှင့်တင်ခြင်း တွေဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုတွေကို နိုင်ငံတိုင်း အထူးသဖြင့် သဘာဝ ဘေးအန္တရာယ်ထိခိုက်နိုင်ခြေများတဲ့ နိုင်ငံတွေမှာ မူဝါဒတွေချမှတ်ပြီး ဥပဒေတွေ၊ ဖွဲ့စည်းမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေကို ကြိုတင်ပြင်ဆင် လုပ်ဆောင်ထားကြပါတယ်။ ဒီလိုကြိုတင်ပြင်ဆင် ထားတဲ့အတွက် သဘာဝဘေးအန္တရာယ်တွေ ရင်ဆိုင်ရချိန်မှာဖြစ်လာတဲ့ ထိခိုက်ဆုံးရှုံးမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

**အားလုံးပူးပေါင်းပါဝင်မှု**

၂၀၂၁/၂၀၂၂ ခုနှစ်အတွင်း စံချိန်တင်အပူရှိန် မြင့်တက်ခဲ့ပြီး ရေကြီးခြင်း၊ အလွန်အမင်း မိုးခေါင် ခြင်း၊ တောမီးလောင်ခြင်းနဲ့ ငလျင်လှုပ်ခြင်း အပါ အဝင် ကမ္ဘာတစ်ဝန်းမှာ ကပ်ဘေးတွေ ထပ်မံကြုံတွေ့ ခဲ့ရပါတယ်။ သဘာဝဘေးအန္တရာယ်တွေ ပိုမိုဖြစ်ပွား လာခြင်းမှာ သဘာဝဘေးအန္တရာယ်ဖြစ်စေတဲ့ အကြောင်းပေါင်းများစွာရှိနေတာကြောင့် ရှုပ်ထွေးပြီး နက်နဲလှပါတယ်။ ဒါ့အပြင် တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာနေတဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်ဟာ လူသားအားလုံးနဲ့သက်ဆိုင်တဲ့ အရေး ကိစ္စဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုတွေကြောင့် တိုက်ရိုက်ခံစားရတဲ့ ဘေးဒုက္ခတွေအပြင် သွယ်ဝိုက် ပြီးဖြစ်လာတဲ့ အကျိုးဆက်တွေလည်း ရှိနေပါ တယ်။

ဒီလို သဘာဝဘေးအန္တရာယ်ဆိုင်ရာ ထိခိုက် ဆုံးရှုံးမှုတွေကို ကာကွယ်ဖို့အတွက် အားလုံးပါဝင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ထိရောက်တဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဖြစ်ဖို့အတွက် အားလုံးပါဝင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအပြင် မူဝါဒတွေ၊ စီမံကိန်းတွေနဲ့ လူသားရင်းမြစ်စတဲ့ လိုအပ်ချက်တွေ လက်တွေ့ကျကျပေါင်းစပ်ပြီး ကြိုတင်ပြင်ဆင်နိုင်မှသာ သဘာဝဘေးအန္တရာယ် တွေကို ထိထိရောက်ရောက်ကာကွယ်ပြီး ဆုံးရှုံးမှုတွေ ကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ။

**ကိုးကား-**


၁။ The International Day for Disaster Risk Reduction (IDDRR) 2022၊ UNDRR
၂။ Global Assessment Report on Disaster Risk Reduction 2022: United Nations Office for Disaster Risk Reduction
၃။ https://www.unicef.org/uzbekistan/en/stories/international-day-disaster-risk-reduction-2022
၄။ Disaster risk reduction & disaster risk management၊ https://www.preventionweb. net/understanding-disaster-risk/key-concepts/disaster-risk-reduction-disaster-risk-management

# ကညင်ကုန်းကြီးကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**အိမ်မဲ အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ကညင်ကုန်းကြီးကျေးရွာတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ယမန်နေ့ နံနက် ၁၀ နာရီတွင် ဒေသခံပြည်သူများဖြင့် တွေ့ဆုံ၍ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး



လုပ်ငန်းများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့်အဖွဲ့ဝင်များက အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကိုတင်ပြကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကညင်ကုန်းကြီးကျေးရွာအုပ်စုမှ ပြည်သူစုစုပေါင်း ၂၅၀ ခန့်တက်ရောက်ခဲ့ပြီး ကျေးရွာအတွက် လိုအပ်သောအချက်အလက်များကို တင်ပြတောင်းဆိုခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ် (အိမ်မဲ)**



# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးရှိ သံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေး အတွက် စာသင်တိုက်များသို့ လည်းကောင်း၊ ပရဟိတကျောင်းများသို့ လည်းကောင်း စားနပ်ရိက္ခာများထောက်ပံ့ကူညီ လှူဒါန်းလျက်ရှိသည်။

ထိုသို့ထောက်ပံ့လှူဒါန်းလျက်ရှိရာတွင် ယနေ့ နံနက်ပိုင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှသိန်း၊ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်နှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ကန်ဦးကျောင်းတိုက်ရှိ သံဃာတော်များ၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အခြားစားသောက်ဖွယ်ရာများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့ ပြည်သူ့အားကစားကွင်း ကွင်းပတ်ကျောက်စီ၊ အုတ်စီ၊ ရေတား၊ မြေတား၊ မြောင်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**မိုးနဲ အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုးနဲမြို့နယ် ပြည်သူ့အားကစားကွင်းအတွင်း တောင်ကျချောင်းရေများ ဝင်ရောက်မှုမရှိစေရေး အတွက် ကွင်းပတ်ကျောက်စီ၊ အုတ်စီ၊ ရေတား၊ မြေတားမြောင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကျောက်စီ၊ အုတ်စီ၊ ရေတား မြေတားမြောင်း လုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၉၄ သိန်းဖြင့် အရှည်ပေ ၅၅၀ ၊အမြင့် ရှစ်ပေ၊ အကျယ်ခြောက်ပေကို တင်ဒါအောင် Royal Minthiha ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေတား၊ မြေတားမြောင်း ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ယနေ့ နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းသန်းသန်းစိုးနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ကကြီးမှူးကျင်းပသည့် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) နှစ် (၅၀) ပြည့်ရွှေရတုအထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာ ပြည်ထောင်စုကပွဲခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မွန်စာပေနှင့် ယဉ်ကျေးမှု(ရန်ကုန်)ဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နိုင်စိုးအောင်က အမှာစကားပြောကြားသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် အရှင်ဣန္ဒာလင်္ကာရက ဗုဒ္ဓဘာသာမှ ဆင်းသက်လာသော မွန်ယဉ်ကျေးမှုများ၊ ဒေါက်တာ မိခင်စောအောင်က မုတ္တမမွန်မင်းဆက် ဝါရီရူးဓမ္မသတ်အပေါ် လေ့လာတင်ပြခြင်း၊ ဒေါက်တာနန်းလှိုင်က မွန်လူမျိုးနှင့် မွန်စာပေယဉ်ကျေးမှုကို လေ့လာဆန်းစစ်ခြင်း(၁၈၅၂-၁၉၃၃)၊ ဒေါ်ပန်းအိခိုင်စိုးက မြတ်စောညီနောင်ဘုရားတွင်တွေ့ရှိရသော ရှေးမွန်ယဉ်ကျေးမှု၊ မိဇ္ဇေဟန်က မွန်ဘာသာစကားတွင်တွေ့ရသော ပြောဆိုပိုင်ခွင့်ဆိုင်ရာစံနှုန်း၊ နိုင်လွင်မော်ဦးက ဟရိဘုဉ္ဇယပြည့်ရှင် သဗ္ဗာဓိသဒ္ဓိ၏မွန်ကျောက်စာများလေ့လာချက်၊ ဒေါက်တာမင်းမောင်မောင်က ရှေးဟောင်းအမွေအနှစ်မွန်ဒင်္ဂါးများ၏ ဝိသေသလက္ခဏာများ၊ နိုင်ဝင်းဗိုလ်က ပုဂံရောက်ထေရဝါဒပိဋကတ်စာပေများ၊ မိတ္တာန္ဒြေပြုံးဟန်က မွန်ရိုးရာလခြမ်းတူရိယာအပေါ် လေ့လာဆန်းစစ်ခြင်း၊ နိုင်မင်းအောင်ထူးက ပျူခေတ်ပြိုင်မွန်ဂီတနှင့် မြန်မာ့မဟာဂီတဝင် မွန်သံစဉ်ခေါင်းစဉ်တို့ဖြင့် စာတမ်းများ ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

မွန်သမိုင်းနှင့်သက်ဆိုင်သည့်သုတေသနစာတမ်းများ၊ ပညာရှင်များ ပေါ်ထွန်းလာစေရန် ယနေ့စာတမ်းရှင်များအနေဖြင့် နိုင်ငံတော်က ကျင်းပသည့် သုတေသနစာတမ်းဖတ်ပွဲများနှင့် ချိတ်ဆက်နိုင်ရန်၊ ထိုမှတစ်ဆင့်နိုင်ငံတကာနှင့်ချိတ်ဆက်၍ စာတမ်းများဖတ်နိုင်ရန်နှင့် သုတေသနစာတမ်းဖတ်ပွဲကို အခြေပြုကာ စနစ်တကျပြုစုထားသော ခေတ်မီသည့်မွန်သမိုင်းစာအုပ်အကြမ်းထွက်လာစေရန် ရည်ရွယ်ကာ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

**ပွင့်သစ္စာ**

# မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ သင်္ဘောသားများအသက်အာမခံထားရှိမှုလုပ်ငန်းများဆိုင်ရာ သိကောင်းစရာဟောပြောပွဲကို ယမန်နေ့က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ အဖွဲ့ချုပ်ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် Dai – ichi – Life အသက်အာမခံမှ Assistant Vice President မြပြည့်စုံက နိုင်ငံတကာပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာသင်္ဘောသားများ တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ခြင်း၊ ပျောက်ဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရမှုအတွက် အသက်အာမခံထားရှိပါက အာမခံကြေးရရှိနိုင်မည့်အခွင့်အလမ်းတို့ကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်သည် သင်္ဘောသားအလုပ်သမားများလျော်ကြေး၊ နစ်နာကြေးရလိုခြင်းတို့ကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

❍ **MNL မှ**

ဧရာဝတီအသင်းသည် ယခုပွဲတွင် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ နိုင်ငံခြားသားတိုက်စစ်မှူး ဆန်းဒေးမက်သရူးအပါအဝင် ပြည်တွင်းအမာခံကစားသမားအစုံအလင် ပါဝင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို ဧရာဝတီအသင်းကလည်း အကောင်းဆုံးတုံ့ပြန်ကစားခဲ့သည်။ မိနစ် ၂၀ တွင် ရှမ်းယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဆန်းဒေးမက်သရူးက ခေါင်းတိုက်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဧရာဝတီအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းအပြီးအထိ ဂိုးရအောင်သွင်းယူနိုင်ခြင်းမရှိဘဲ ၅၇ မိနစ်မှ ချေပဂိုးပြန်ရခဲ့သည်။ ဧရာဝတီအသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူး ရန်ကျော်ထွေးက သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသဖြင့် ရှမ်းယူနိုက်တက်အသင်း အနိုင်ဂိုးရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၇၀ တွင် လူစားဝင်ကစားသမား ဇင်မင်းထွန်းက ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် ဧရာဝတီအသင်း ချေပဂိုးပြန်ရရန် အခွင့်အရေးရခဲ့သော်လည်း ရန်ကျော်ထွေး အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။

ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၄ ပွဲကစား ရမှတ် ၃၇ မှတ်၊ ဧရာဝတီအသင်းက ၁၄ ပွဲကစား ရမှတ် ၂၃ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၆) ဒုတိယနေ့အဖြစ် အောက်တိုဘာ ၁၆ ရက်တွင် ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ- MNL**

❖ **ကျော်ဖုံးမှ**

“အိမ်ခြံမြေက ကိုဗစ်မတိုင်မီကပုံမှန်လေးပေါ့၊ ပုံမှန်လေးကနေကိုဗစ်ကာလမှာ အကောင့်ထရမ်စဖော်မာနဲ့ဝယ်တယ်၊ ဝယ်ရာကနေ ဈေးကွက်က အရောင်းအဝယ်တွေဖြစ်လာတယ်၊ အဲဒီနောက်ပိုင်း ကျတော့တစ်ခါ အကောင့်တစ်ဝက်၊ ငွေသားတစ်ဝက် ဆိုပြီး အဲဒါမျိုးတွေလည်းဝယ်ကြတယ်။ အိမ်ခြံမြေဈေးကွက်က ပြီးခဲ့တဲ့တစ်နှစ်ခွဲလောက်က တော်တော်လေးကောင်းသွားတယ်၊ အခုပြန်အေးသွားတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးသိန်းလွင်က ပြောသည်။

အဓိက အရောင်းအဝယ်ရှိနေပြီး အငှားဈေးကွက်ကောင်းနေသည့် ဆင်ခြေဖုံးမြို့နယ်များဖြစ်သည့် ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း မြို့နယ်များအပြင် ရွှေပေါက်ကံ၊ လှိုင်သာယာ၊ ရွှေပြည်သာနှင့် သုဝဏ္ဏမြို့နယ်များဖြစ်သည်။ အဆိုပါမြို့နယ်များရှိရပ်ကွက်နေ အိမ်ရာတိုက်ခန်းများတွင် ယခင်က သိန်း ၃၀၀ပေါက်ဈေးရှိရာက ယခုငွေကျပ် သိန်း ၄၅၀ အထိ ဈေးမြင့်တက်နေကြောင်း၊ လုံးခြင်းအိမ်ရာလမ်းမတန်းတွင် ယခင်သိန်း၁၀၀၀မှ ယခုသိန်း၂၀၀၀ရှိကြောင်း၊ အတွင်းပိုင်းတွင် ယခင်သိန်း၁၀၀၀မှယခုသိန်း၁၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြပြီး လုံးချင်းနှင့် မြေကွက်ဈေးနှုန်းများသည်မြို့နယ်အလိုက်ပေါ်မူတည်၍ ဈေးမြင့်တက်နေကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

**ဗလစိုး**

## ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (YBPC)၊ ကုမ္ပဏီသို့ အစုရှယ်ယာ ပြန်လည်ရောင်းချရန် ဆန္ဒရှိ၍ လျှောက်ထားသောအစုရှယ်ယာရှင်များထံမှ အစုရှယ်ယာများအား ရွေးချယ်ခြင်းဖြင့် ပြန်လည်ဝယ်ယူခြင်းကို အတည်ပြုမည့် အထူးအထွေထွေအစည်းအဝေး ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာ [(မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၁၂၁၊ ပုဒ်မခွဲ (ဃ) အရ)]

ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (YBPC) သည် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ-၁၂၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) မှ (၃) အထိ သတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်၍ YBPC ကုမ္ပဏီမှ သတ်မှတ်ထားသော နေ့ရက်နှင့်အချိန် (ရုံးဖွင့်ရက်များ) အတွင်း ဖြည့်စွက်ရန် သတ်မှတ်ထားသော လျှောက်လွှာပုံစံ စည်းမျဉ်းစည်းကမ်းများကို လိုက်နာ၍ ကုမ္ပဏီသို့ အစုရှယ်ယာရောင်းချရန် ဆန္ဒပြုမည့် အစုရှယ်ယာ (၁) စုမှ (၁,၀၀၀) စု အထိ ပိုင်ဆိုင်သော ပြန်လည်ရောင်းချရန် ဆန္ဒရှိသူ အစုရှယ်ယာရှင်များထံမှ တစ်စုလျှင် ငွေကျပ် (၁၀၀,၀၀၀) (ကျပ်တစ်သိန်း) နှုန်းဖြင့် အောက်ပါအစီအစဉ်အတိုင်း ရွေးချယ်ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ အထူးဆုံးဖြတ်ချက် ချမှတ်ရန် အထူးအထွေထွေအစည်းအဝေး (SGM)ကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) နှင့်အညီ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် Online စနစ်ဖြင့် ကျင်းပပြုလုပ်ရန် ရည်ရွယ်စီစဉ်ထားပါသည်။ (ဆဋ္ဌမအကြိမ်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးနှင့် အထူးအထွေထွေအစည်းအဝေးတို့ကိုပေါင်း၍ ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်နေ့ရက် အတိအကျကို သတင်းစာတွင် ထပ်မံကြော်ငြာပါမည်။)

| စဉ် | အစုရှယ်ယာပိုင်ဆိုင်မှု | အများဆုံး ဝယ်ယူမည့် | | |
|---|---|---|---|---|
| | | ရာခိုင်နှုန်း | အစု အရေအတွက် | တန်ဖိုးငွေကျပ် (သန်း) |
| ၁။ | (၁) စု မှ (၅)စု အထိ | ၁၀၀ % | ၂,၀၂၉ | ၂၀၂.၉၀ |
| ၂။ | (၆) စုမှ (၁၀) စုအထိ | ၅၀ % | ၁,၃၈၀ | ၁၃၈.၀၀ |
| ၃။ | (၁၁) စုမှ (၁၀၀) စုအထိ | ၂၅ % | ၄,၇၁၇ | ၄၇၁.၇၀ |
| ၄။ | (၁၀၁) စုမှ (၁,၀၀၀) စုအထိ | ၂၀ % | ၁,၈၅၄ | ၁၈၅.၄၀ |
| | စုစုပေါင်း | | ၉,၉၈၀ | ၉၉၈.၀၀ |

ကုမ္ပဏီသည် အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၏ ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံသို့ တင်ပြဆောင်ရွက်ပြီးဖြစ်၍ ဖော်ပြပါအစီအစဉ်အတိုင်း ပြန်လည်ရောင်းချရန် ဆန္ဒပြုလိုသူများသည် အောက်ပါနေ့ရက်၊ အချိန်အတွင်း အချိန်မီ လျှောက်ထားနိုင်ပါသည်။ (အစုရှယ်ယာလက်မှတ်တွင် ဖော်ပြထားသော လိပ်စာပြောင်းလဲမှုရှိပါက ကုမ္ပဏီသို့ တရားဝင်လိပ်စာပြောင်းလျှောက်ထားရန်လိုအပ်ပါသည်။)

| | | |
|---|---|---|
| အဆိုပြုလျှောက်လွှာများ စတင်ထုတ်ပေးမည့် နေ့ရက်နှင့်နောက်ဆုံးထုတ်ပေးမည့် နေ့ရက်နှင့်အချိန် | : | ၁၆-၁၁-၂၀၂၂ရက် မှ၁၄-၁၂-၂၀၂၂ရက် အထိ နံနက် ၁၀:၀၀ နာရီ မှ ညနေ ၃:၀၀ နာရီအထိ |
| လျှောက်လွှာများစတင်လက်ခံမည့် နေ့ရက်နှင့် နောက်ဆုံး လက်ခံမည့်နေ့ရက်နှင့် အချိန် | : | ၁၆-၁၁-၂၀၂၂ ရက်မှ ၁၆-၁၂-၂၀၂၂ ရက် အထိ နံနက် ၁၀:၀၀ နာရီ မှ ညနေ ၃:၀၀ နာရီအထိ |
| လျှောက်ထားရမည့်နေရာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ် (အစိုးရရုံးပိတ်ရက်များနှင့် စနေ၊ တနင်္ဂနွေနေ့များ ရုံးပိတ်ပါသည်။) | : | ကုမ္ပဏီမှတ်ပုံတင်ရုံးခန်းတည်ရှိရာ အကွက်အမှတ်(၁မှ၅)၊ မင်းရဲကျော်စွာလမ်း၊ ဒဂုံတက္ကသိုလ်အနီး(သံလမ်းဘေးYBPC ကားဝင်း)၊ (၁၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်းနံပါတ် - ၀၉-၂၆၄၈၂၄၂၆၂ |

**ဒါရိုက်တာအဖွဲ့**

**ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအုပ်ချုပ်မှုအောက်ရှိ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့၏ အရှေ့မြောက်ဘက် (၃.၅)မိုင်အကွာ အမ်းချောင်းပေါ်တွင် ဆောင်ရွက်လျက်ရှိသည့် အောက်ပါလုပ်ငန်းအား ပြည်တွင်းကုမ္ပဏီများသို့ BOT စနစ်ဖြင့် လုပ်ငန်းအပ်နှံရန် တင်ဒါဖိတ်ခေါ်ဆောင်ရွက်လိုပါသည်-

- အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း ဆက်လက်အကောင်အထည်ဖော်ခြင်း၊ ဓာတ်အားထုတ်လုပ်မောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လွှဲပြောင်းပေးခြင်းလုပ်ငန်း[Tender No-16 / DHPI (P&W)/ 2022-2023] (Re-Tender)

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာအကွယ် (Mask နှင့် Face Shield)များဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်။

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | -၁၈-၁၀-၂၀၂၂ရက်မှ ၈-၁၁-၂၀၂၂ ရက်နေ့ထိ (အစိုးရရုံးပိတ်ရက်များမပါ) |
| တင်ဒါပုံစံရောင်းချမည့်အချိန် | -ရုံးဖွင့်ရက်(၁၃:၀၀)နာရီမှ (၁၄:၃၀)နာရီအတွင်း |
| တင်ဒါပုံစံရောင်းချမည့်နေရာ | -ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (၃)ထပ်ဆောင်၊ရုံးသစ်၊နေပြည်တော် |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်အချိန်၊ နေရာ | -၂၀-၂-၂၀၂၃ ရက်၊ (၁၀:၃၀)နာရီ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ(ရုံးအမှတ်-၂၇) (၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော်။ |

၃။ တင်ဒါကြော်ငြာပုံစံကို **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏** အင်တာနက်စာမျက်နှာ **www.moee.gov.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၂

ဒေါ်ခင်စိုးဆင့် နှင့် ဒေါ်အေးမြင့်
[၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးကျော်ကျော်လွင်)
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇) ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၁၁၅၄)နေ ဒေါ်အေးမြင့် (ယခုနေရပ်လိပ်စာမသိသူ)မှ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အိမ်နှင့်မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"**လျှောက်ထားစွဲဆိုသည်ဖြစ် ၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း ၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်၊ (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီ** တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးပါလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကျော်ကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း Expression of Interest (EOI)နှင့် နည်းပညာအမှတ်အများဆုံးရရှိသည့် ကုမ္ပဏီ(၃)ခုမှ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း RCC Dam အတွက် ကွန်ကရစ်သွန်းလောင်းရာတွင် သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီသည့် ဘိလပ်မြေများအား စဉ်ဆက်မပြတ်ပေးသွင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အတွင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ခွင့်ပြုလုပ်ကိုင်လျက်ရှိသော တိုင်းရင်းသား/နိုင်ငံခြားသားလုပ်ငန်းရှင်များထံမှ စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း (Expression of Interest -EOI)နှင့် နည်းပညာအမှတ်အများဆုံးရရှိသည့် ကုမ္ပဏီ(၃)ခုမှ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အကြောင်းကြားပါသည်-

| စဉ် | တင်ဒါအမှတ် | ပေးသွင်းရမည့် ပစ္စည်း | ပမာဏ | မှတ်ချက် |
|---|---|---|---|---|
| 1. | EOI No.003/DHPI/UYY (Cement)/2022-2023 | Cement | 46,800 Ton | |

| | | | |
|---|---|---|---|
| (က) | စတင်ရောင်းချမည့်ရက် | - | ၁၇-၁၀-၂၀၂၂ ရက် (တနင်္လာနေ့) |
| (ခ) | ရောင်းချမည့်အချိန်/နေရာ | - | နံနက်(၁၀:၀၀)နာရီမှညနေ(၁၅:၀၀)နာရီအထိ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (၃)ထပ်ဆောင်၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်။ |
| (ဂ) | တင်သွင်းရမည့်နေ့ရက်နှင့် အချိန် | - | ၁၆-၁၁-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ(၁၃:၀၀)နာရီမတိုင်မီ တင်သွင်းရမည်။ |
| (ဃ) | တင်သွင်းရမည့်နေရာ | - | အစည်းအဝေးခန်းမ၊ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**Telephone: 009567-8104190, 009567-8104191**
**e-mail: procurement-dhpi@moee.gov.mm**

---

**ကင်ဆာ** - လျှာ၊ သဖုံး၊ ရင်သား၊ သားအိမ်၊ အဆုတ်၊ အသဲ၊ လည်ပင်း၊ သွေးကင်ဆာ၊ ရောဂါများကို ဆေးမသွင်း၊ ဓါတ်မကင်၊ မခွဲမစိတ်ပဲကုသပေးသည်။
**ခရုသင်း**- ပင်ကိုယ်အသားရောင်အတိုင်းဖြစ်အောင်ကုပေးသည်။
B+,C+, HIV+များကို Negative ဖြစ်သည်အထိကုပေးသည်။
**ဆီးချို၊ ဆီးကြိတ်** - အထူးသောက်ဆေးနှင့် အပြီးကုသည်။
**လိင် + ဂရင်ကျိနာ** - တခါကုပြီးပြန်မဖြစ်အောင် ကုပေးသည်။
**ဂမ္ဘီရသုခ သစ္စာရှင်ဆေးတိုက်** - ဃ/၂၈၉၊ ဓမ္မာသီလမ်းမ၊ မ/ဥက္ကလာ၊
Ph: 09 261186511, 09 953166459

---

## တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်-မန္တလေး (FDB Bank)
## FARMERS DEVELOPMENT BANK LIMITED – MANDALAY
## (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)မှ အများသိစေရန် ကြေညာချက်

တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်-မန္တလေး (FDB Bank) (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည် -

တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်-မန္တလေး (FDB Bank) (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)သည် ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့်အညီ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ဘဏ်လုပ်ငန်းလိုင်စင်အမှတ် (မဗဘ/ပဘ-၂၈/၀၂/၂၀၂၀) ဖြင့် ခွင့်ပြုချက်ရရှိခဲ့ပြီး ဖြစ်ပါသည်။

FDB Bank သည် အများပြည်သူသို့ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အမှတ်(၇၀)၊ ၈၄လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တွင် ဆောင်ရွက်လျက်ရှိပါသည်။

FDB Bank

တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်-မန္တလေး (FDB Bank) (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား (Trade Mark)ကို စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်မှတ်ပုံတင်အမှတ်(၄/၁၄၇၁/၂၀၂၂)ဖြင့် တရားဝင် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်-မန္တလေး (FDB Bank) (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)၏ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား(Trade Mark) ကို Social Media များနှင့် အခြားသော Online Platform များ၊ Printed Media များပေါ်တွင် တိုက်ရိုက်ကူးယူ၍သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ ဘဏ်နှင့်ပတ်သက် စပ်ဆိုင်သောသူများနှင့် ဘဏ်အကြီးအကဲများ၏ ဓာတ်ပုံများကို FDB Bank ၏ Logo နှင့် ပူးတွဲ၍ ကူးယူဖော်ပြခြင်း၊ တစ်သီးတခြားဖြင့် ကူးယူဖော်ပြခြင်းတို့ကို ဆောင်ရွက်၍ သော်လည်းကောင်း၊ ဆင်တူယိုးမှား ပြုလုပ်၍ ဘဏ်၏ဂုဏ်သတင်း ပျက်ယွင်းစေရန်၊ အကျိုးစီးပွား ထိခိုက်နစ်နာစေရန်၊ အများပြည်သူများမှ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် ယုံကြည်မှု ပျက်ပြားစေရန်တို့အတွက် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယခုကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာ Social Media များနှင့် အခြားသော Online Platform များ၊ Printed Media များပေါ်ရှိ တုပဆောင်ရွက်ချက်များ အားလုံးတို့ကို ပယ်ဖျက်ပေးရန်နှင့် နောက်နောင်တွင်လည်း ထပ်မံအသုံးမပြုရန် အသိပေးကြေညာအပ်ပါသည်။

လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ တရားစွဲဆို၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်လွင်လွင်မော်** | **ဒေါ်ဥမ္မာအေး** |
| **LL.B, DBL** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၈၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၄၃)** |
| **ဒေါ်ဆုမွန်ရတနာ** | **ဒေါ်လဲ့လဲ့ဝင်းထူး** |
| **LL.B, DBL** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၅၆)** | **အထက်တန်းရှေ့နေ (စဉ်-၄၉၉၀၄)** |

**အမှတ်(၅-က)၊ ပြည်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၄၆၄၆၆၆၇၆၊ ၀၉-၂၆၁၇၇၇၄၂၂**

---

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ ကန်တော်မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၆၈၈)၊ အကျယ်အဝန်း(၄၀×၆၀)ပေရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၆၈၅)နှင့်ကပ်လျက်၊ မြေကွက်အမှတ်(၆၈၈)ခြေရင်းခြမ်း၊ အကျယ်အဝန်း(၂၀×၆၀)ပေရှိ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါနှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဦးမင်းအောင် (၁၂/အစန(နိုင်)၀၃၁၆၆၁)အမည်ပေါက်ဖြစ်ပြီး ၎င်းထံမှဝယ်ယူကာ ရန်ကုန်မြို့စာချုပ်စာတမ်းရုံး၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၇၃/၂၀၁၀) အရ လက်ရှိထားပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဝန်ခံကတိပြုသူဒေါ် တင်မြတ်မွန်(၁၂/တမန(နိုင်)၀၃၁၆၀၂)ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက (စရံငွေ) ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဦးနေလင်းထွန်း ( LL.B )၊**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၃၄၁၅)**
**ဖုန်း - ၀၉ ၄၃၁ ၅၉၉၀၆**

---

**ရောင်းမည်**
* ပုဂံမြို့သစ် (၁၄ခန်း)လိုင်စင်ရ ဟိုတယ်(60'x80') ဒေါင့်ကွက်
* မ/ဥ (55'x75') ဆေး၂အနီး
* မ/ဥ (34'x75') ဆေး၂အနီး
* မ/ဥ (14'x75') ဆေး၂အနီး
Ph 09 261186511, 09 953166459

**KO SOE THU**
ဒဂုံ(၄)မြို့နယ်ရှိ မြေကွက် များ နှင့် ရွှေပြည်သာ၊ ရွှေပေါက်ကံရှိ မြေကွက်များ ကာလပေါက်ဈေးဖြင့် ဝယ်လိုပါသည်။
'အိမ်အရောက်ငွေပေးချေပါသည်'
09 400 888 565

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(၅၈၆)၏ မြေအကျယ်အဝန်း(၄၀ x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်း)ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဒေါ်မြင့်မြင့် အမည်ပေါက် မြေချပါမစ်(မိတ္တူ)ဘက်ခြမ်း မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်မြင့်စန်း[၁၂/မဂတ(နိုင်)၀၃၉၆၂၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**REALITY KING LAW FIRM**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L.,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/ ၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၅၁)ရပ်ကွက်၊ မြေကွက်အမှတ်(၁၃၃၂)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးမောင်လုံး (ICPU-၀၄၆၈၀၀) အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခု ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**REALITY KING LAW FIRM**

| | |
|---|---|
| **ဦးဇော်မျိုးအောင် (စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း (စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L, D.I.L, WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ လမ်း-၃၀ (အောက်လမ်း)၊ အမှတ်(၅၄)၊ မြေညီထပ် (ထပ်ခိုးပါ)၊ အကျယ်အဝန်း(အလျား၂၅ပေxအနံ၄၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်လင်း [၁၂/သဃက(နိုင်)၀၀၂၅၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အခန်းတန်ဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်ဇော်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၃၆/၉၁)**
**အမှတ် (၁၅)၊ ဒုတိယထပ်၊ ၂၅-လမ်း၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၉၄၉၉၈၊ ၀၉-၇၉၅၁၉၄၉၉၈၊ ၀၉-၇၆၅၁၉၄၉၉၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရယူရာမှာ ပင်လုံစာချုပ်နဲ့ ပြည်ထောင်စုတစ်ခုလုံးကိုစုစည်းပြီး လွတ်လပ်ရေးရယူခဲ့ပါတယ်။ ပင်လုံစာချုပ်လို့ဆိုရာမှာ အနှစ်သာရက ပင်လုံစိတ်ဓာတ်ပါပဲ။ ပင်လုံစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်ပါ။ ဒီစိတ်ဓာတ်ဟာ အရင်းခံဖြစ်သလို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ဒေသနဲ့ တိုင်းပြည်အတွက် ပကတိလိုအပ်ချက်တွေကို ညှိနှိုင်းဆွေးနွေးမှု ဆောင်ရွက်လျက်ရှိပါတယ်။**


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

**ယနေ့** ဖတ်စရာ


**ကင်ညာနိုင်ငံ၌ မိုးခေါင်မှုဖြစ်ပွားခဲ့ပြီးနောက် အသက်ငါးနှစ်အောက် ကလေးငယ် ကိုးသိန်းကျော် အာဟာရချို့တဲ့မှု ရင်ဆိုင်နေရ** စာမျက်နှာ » ၁၃

**ချင်းပြည်နယ် ဟားခါးမြို့ ထာရ်(၁)ရပ်ကွက်ရှိ ခရိုင်မီးသတ်ရုံးအား CDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်၊ မော်တော်ယာဉ်များ မီးရှို့ဖျက်ဆီး** စာမျက်နှာ » ၁၅

**ဓာတ်ခွဲနမူနာစုစုပေါင်း ၉၅၉၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂၅ ဦး တွေ့ရှိ** စာမျက်နှာ » ၂၂


ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်၊ ခြံ၊ မြေ ဈေးကွက်သည် အရောင်းအဝယ်ပုံမှန်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

ယခု ပွင့်လင်းရာသီတွင် မြန်မာ့ဓလေ့ထုံးစံများအရ နေအိမ်ပြောင်းရွှေ့မှုများ၊ ရွှေ့ပြောင်းလုပ်ကိုင်မှုများလာခြင်းတို့ကြောင့် ရန်ကုန်မြို့ရှိ အခြေခံလူတန်းစားများသည် ဆင်ခြေဖုံးမြို့နယ်များတွင် အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်နှင့် အငှား ဈေးကွက်မြင့်လာခြင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၂၅ ကော်လံ ၄ သို့ ❖

## MNL ပြိုင်ပွဲတွင် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်

ရန်ကုန် အောက်တိုဘာ ၁၅

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆) ပထမနေ့ကို အောက်တိုဘာ ၁၅ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက ရောဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**အမှတ်ပြည့်ရယူနိုင်ခဲ့**

ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုအတွက် အမှားအယွင်းမရှိ နိုင်ပွဲဆက်ခဲ့ပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရောဝတီအသင်းသည် ယခုပွဲတွင် အမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ကျော့စလုံး အရှုံးပေးခဲ့ရပြီး ထိပ်ဆုံးသုံးသင်း စာရင်းဝင်ရန် အခွင့်အရေးနည်းသွားခဲ့သည်။

စာမျက်နှာ ၂၅ ကော်လံ ၅ သို့ ❍

ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။



### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် အောက်တိုဘာ ၁၅

| | | |
|---|---|---|
| ဘိုကလေး | ၄ ဒသမ ၃၅ | လက်မ |
| ဥက္ကံ | ၃ ဒသမ ၁၅ | လက်မ |
| ဟသ်ာတ | ၂ ဒသမ ၆၄ | လက်မ |
| လေးမျက်နှာ | ၂ ဒသမ ၆၀ | လက်မ |
| သိမ်ဇရပ် | ၂ ဒသမ ၅၆ | လက်မ |
| ခရမ်း | ၂ ဒသမ ၂၀ | လက်မ |
| ကျောင်းကုန်း | ၁ ဒသမ ၉၇ | လက်မ |
| ဇလွန် | ၁ ဒသမ ၈၉ | လက်မ |
| ကော့သောင်း | ၁ ဒသမ ၈၁ | လက်မ |